


နေပြည်တော်မှကြိုဆို
WELCOME TO

# ကျွန်ုပ်၊ ဗိုလ်ချုပ်မှူးကြီးအဖြစ် သရုပ်ဆောင်ခဲ့စဉ်က




## တစ်

ကျွန်ုပ်၏ မြင့်မားသောအရပ်အမောင်း၊ တည်ကြည်ခန့်ညားသော ဥပဓိရုပ်သွင်တို့ကြောင့် ကျွန်ုပ်နှင့် ဆက်ဆံသူအများစုသည် ကျွန်ုပ်အား အတန်ငယ်ရွံ့ကြောက်ဟန် ရှိလျက် တရင်းတနှီး ပြောဆိုဆက်ဆံရန် ဝန်လေးကြသော်လည်း စင်စစ် ကျွန်ုပ်၏ အတွင်းစိတ်နေသဘောထားမှာ ခပ်သောသော ပျော်ရွှင်ရယ်မောဖွယ် ကိစ္စရပ်များအား ခုံမင်နှစ်ခြိုက်သူဖြစ်ကြောင်း သိသူအလွန်နည်းလေသည်။ အောက်ပါဖြစ်ရပ်မှာ ကျွန်ုပ်၏ မြူးတူးပျော်ရွှင်လိုသောစိတ်ဓာတ်ကို ဖော်ပြသည့် သာဓကတစ်ခုဖြစ်ပြီး ယိုးဒယားပြည်၊ ဖူးခက်မြို့ အမ်မခန်အရပ်ရှိ အိမ်အိုကြီးတစ်လုံးတွင် ကပ္ပလီ၊ ဖေကြည်နှင့် လေမင်းသားအမည်ရှိ တပည့်ကျော်သုံးဦးနှင့် နေထိုင်ခဲ့ကြစဉ်

ခရစ်သက္ကရာဇ် ၂၀၁၄ ကုန်ခါနီး ကာလ ဖြစ်လေ၏။

ယင်းနှစ် နိုဝင်ဘာလ၏ တစ်ခုသော နံနက်ခင်းတွင် ကျွန်ုပ်နေထိုင်ရာ ခြံဝင်းအတွင်း နံနက်ခင်းနေရောင်ခြည်အောက်တွင် ကျန်းမာရေးအလို့ငှာ နေပူစာလှုံလျက်ရှိစဉ် ကျွန်ုပ်၏ လက်ရင်းတပည့်တစ်ဦးဖြစ်သူ လေမင်းသားသည် မောကြီးပန်းကြီးဖြင့် ကျွန်ုပ်၏ ရှေ့မှောက်သို့ ရောက်လာခဲ့၏။ သူ၏ အမူအရာမှာ တစ်စုံတစ်ခုအတွက် ဝမ်းမြောက်နေဟန်ရှိပြီး ကျွန်ုပ်၏ ခန့်မှန်းချက်မှန်ကန်ကြောင်း သူ၏ ရွှင်မြူးသော နှုတ်ဆက်စကားသံက သက်သေခံလျက် ရှိလေသည်။

လေမင်းသား။ ။ "ဗျို့ ဆရာဒင်၊ ဆရာ့တပည့် ဒီတစ်ခါတော့ ကံကောင်းပြီခင်ဗျ"

ကျွန်ုပ်။ ။ "ဘယ်လိုကံကောင်းပါလိမ့်၊ ဆိုပါဦး မောင်"

လေမင်းသား။ ။ "ကျုပ်တို့ ကမ္ဘာကျော် စီအန်အန်သတင်းဌာနကြီးက ရုပ်သံသတင်းထောက်အဖြစ် တာဝန်ထမ်းဆောင်ဖို့ ကမ်းလှမ်းလိုက်ပြီ ဆရာ၊ ဒါပေသည့် ဒီကိစ္စမှာ ဆရာကိုယ်တိုင် ကူညီမှ ပြီးမြောက်မှာဆရာရဲ့"

ဖူးခက်မြို့ရှိ တစ်ခုသော ကွတ်တီယိုဆိုင်တွင် ပန်းကန်ဆေးသည့်အလုပ်ဖြင့် အသက်မွေးရရှာသည့် တပည့်ကျော်ကား ထင်ပေါ်သဖြင့် စက်တော်မှ အကောက်ခံရချေပြီ။ ဆရာသမားကောင်းတို့မည်သည် တပည့်အား မြေတောင်မြှောက်ပေးရမည့် လောကဝတ်ရှိသည်နှင့်အညီ လေမင်းသား၏ အကူအညီတောင်းခံမှုကို ကျွန်ုပ်အနေဖြင့် ဝမ်းသာအဲလဲ အားတက်သရော လမ်းဖွင့်ပေးလိုက်ရချေ၏။

"မောင်ရင့်ဘဝ တက်လမ်းအတွက်ဆိုလျှင်ဖြင့် ဆရာသမားတစ်ယောက်အနေနဲ့ ကူညီဖို့အသင့်ပါမောင်"

*****

နှစ်

ဤတွင် လေမင်းသားသည် ပြုံးရွှင်လျက် သူ့စကားကို ဆက်၏။

"ဒါက ဒီလိုရှိပါတယ် ဆြာ၊ ဒီအလုပ်အတွက် ကမ်းလှမ်းတယ်ဆိုပေသည့် တစ်ခါတည်း တန်းပြီး အလုပ်ခန့်လိုက်တာမျိုးတော့ မဟုတ်သေးဘူးခင်ဗျ။ တပည့်ကိုယ်တိုင် ရိုက်ကူးတဲ့ ရုပ်သံတစ်ပုဒ်ရဲ့ လက်ရာကို နမူနာအဖြစ် ပေးပို့ရမတဲ့ဆြာ"

"ကိုရင် ရုပ်သံဇာတ်လမ်းရိုက်မယ့်ကိစ္စက ကျုပ်အနေနဲ့ ဘာများတတ်နိုင်တာ ရှိသတုန်း၊ မင်းသားမင်းသမီးနဲ့ အဖွဲ့သားတွေကို ရှုတင်ထမင်းချက်ပြုတ် ကျွေးမွေးရမယ့်တာဝန်များ ဖြစ်နေမလား"

"အာ၊ ပေါက်ပေါက်ရှာရှာ ဆြာရယ်၊ ဒီဇာတ်မှာ ဆြာ့တပည့်က ဆြာ့ကို အဓိကနေရာကနေ တင်ရိုက်မှာ ဆရာရဲ့"

"နားရှင်းအောင် ပြောစမ်းပါ ကိုရင်"

"ဒီလိုပါ ဆြာ၊ အခုကာလ မြန်မာပြည်မှာ ထိတ်ထိတ်ကြဲ ထိပ်သီးတွေရဲ့ ရုပ်သံအင်တာဗျူးတွေ ခေတ်စားနေတာမို့ ဆြာနဲ့ အင်တာဗျူးခန်းကို ဇာတ်လမ်းလေးဆင်ပြီး ရိုက်ချင်တာ ဆြာရဲ့"

"ကြံကြီးစည်ရာ မောင်ရယ်၊ ကျုပ်လို ကျူလီယာဆိုင်ပိုင်ရှင် ဖွတ်ဖင်ကျားကို အင်တာလာဗျူးတော့ ဘာအကျိုးထူးမှာမို့လို့တုန်း"

"ဒီအတိုင်းတော့ ဘယ်ဟုတ်ပ့ါမလဲဆြာ၊ ဆြာက ဗိုလ်ချုပ်မှူးကြီးအနေနဲ့ အဗျူးခံရမှာခင်ဗျ"

"အလိုလေး၊ တပ်မတော်အမှုထမ်းယောင်ဆောင်မှုနဲ့ ရုံးရောက်ဂတ်ရောက်တော့ အဖြစ်မခံနိုင်ဘူး မောင်"

"မဟုတ်သေးဘူးလေ ဆြာ၊ အခုရိုက်မယ့်ရုပ်သံက

ဆြာ့တပည့်လက်ရာကို အကဲဖြတ်နိုင်အောင် အနုပညာသဘောနဲ့ ဖန်တီးမယ့်ကိစ္စပဲ၊ သဏ္ဌာန်လုပ် သရုပ်တူအောင် ဆြာက သရုပ်ဆောင်ပေးရုံပါပဲ"

"ဖူးခက်မှာ မြန်မာတွေအများကြီးပါ မောင်ရယ်၊ သင့်တော်တဲ့သူတစ်ယောက်ကို ကျုပ်ဝိုင်းကူရှာဆို ရှာပေးပ့ါမယ်၊ ရှုပ်ရှုပ်ယှက်ယှက်တွေ စိတ်ပျက်လွန်းလို့ပါ"

"ဆြာမပါလို့ မဖြစ်ဘူး ဆြာ၊ ဖူးခက်မှာ မြန်မာအလုပ်သမား သိန်းချီရှိပေမယ့် ဆြာ့လို ဥပဓိရုပ်နဲ့ အသံဩဇာပြည့်တာ ဘယ်မှာ လာရှာတွေ့နိုင်ပ့ါမတုန်း"

*****

သုံး

တပည့်ကျော်လေမင်းသား၏ နောက်ဆုံးစကားသည် ကျွန်ုပ်၏ နှလုံးအိမ်ကို သိမ့်ခနဲ ငြိမ့်ခနဲနေအောင် လှုပ်ခတ်သွားစေ၏။ ဤကမ္ဘာမြေမဟီဝယ် အဘယ်သူသည် မှန်ရာစကားဆို၍ ချီးမြှောက်ခြင်းကို လျစ်လျူရှု ပစ်ပယ်နိုင်ပါအံ့နည်း။ ထိုစကားတစ်ခွန်းကြောင့်ပင် ကျွန်ုပ်သည် တပည့်ကျော်၏ ဘဝတစ်ဆစ်ချိုး တိုးတက်အောင်မြင်မှုအတွက် အရိုးကျေကျေ အရည်ခန်းခန်း သက်စွန့်ကြိုးပမ်းကူညီရန် ယတိပြတ် ဆုံးဖြတ်ချက်ချလိုက်ရချေသည်။

စင်စစ် ကျွန်ုပ်၏ တပည့်ကျော် လေမင်းသားကား ခေသူမဟုတ်ချေ။ ဖူးခက်တွင် ကျင်းပလေ့ရှိသော မြန်မာအလုပ်သမားတို့၏ မွေးနေ့၊ မင်္ဂလာဆောင်နှင့် တရားပွဲများအပါအဝင် အလှူပွဲလမ်းမှန်သမျှ ဗီဒီယိုရိုက်ကူးခြင်း တည်းဖြတ်ခြင်းတို့ကို ဝါသနာအလျှောက် လုပ်ကိုင်နေသူ လူငယ်တစ်ဦးဖြစ်ရာ တပည့်ကျော်၏ အရည်အချင်းကို စိုးစဉ်းမျှ သံသယမရှိဘဲ ယခုကဲ့သို့ ကမ္ဘာကျော်သတင်းထောက် ဖြစ်ရမည့်အရေးတွင် ကျွန်ုပ်အနေဖြင့် မည်သို့သောအကြောင်းပြချက်နှင့်မျှ ငြင်းငယ်ရန် အကြောင်းမရှိချေ။

အဆိုပါ ရုပ်သံအင်တာဗျူး မရိုက်ကူးမီ ရက်ပိုင်းကာလအတွင်း ကျွန်ုပ်သည် ကျွန်ုပ်၏ ခန္ဓာကိုယ်အား ပိုမိုအမြင်တင့်တယ်စေရန် အလို့ငှာ ကိုယ်အလေးချိန် ကျဆင်းစေရေးအတွက် အစားအသောက်တို့ကို ချင့်ချိန်စားသောက်ရ၏ ။ ကိုယ်ခန္ဓာသွယ်လျစေသည့် လေ့ကျင့်ခန်းများကို အပင်ပန်းခံ ပြုလုပ်ရ၏ ။ မူလအသံဩဇာကောင်းမွန်လျက်နှင့်ပင် ဦးချိန်တီ၊ မှန်ချိုစသောအာခံတွင်းကို ရှင်းစေမည့် မြန်မာတိုင်းရင်းဆေးဝါးအချို့ကို မှီဝဲရ၏ ။ ဤသို့လျှင် မြန်မာ့တပ်မတော်၏ ဗိုလ်ချုပ်မှူးကြီး၏ ရာထူးအဆင့်ကို ဖော်ပြထားသည့် အကောင်းစားစစ်ဝတ်ယူနီဖောင်းတစ်စုံအား ရှာဖွေခြင်းနှင့် လေမင်းသားပေးအပ်သည့် မေးခွန်းတို့အပေါ် ကျွန်ုပ် ပြန်လည်ဖြေဆိုသင့်သည်တို့ကို တွေးတောပြင်ဆင်ပြီးချိန်၌ ကျွန်ုပ်တစ်သက်တွင် မေ့နိုင်ဖွယ်ရာမရှိသော ရုပ်သံရိုက်ကူးခြင်းအမှုကို စတင်ခဲ့လေတော့သည်။ ပွဲမဝင်ခင် အပြင်ကကျင်းပ ဆိုသည့်စကားအတိုင်း ကြိုတင်ပြင်ဆင်မှု အပြည့်ရှိခဲ့သော ကျွန်ုပ်အဖို့ မည်သည့်အခက်အခဲမျှ မကြုံတွေ့ရခဲ့သော်ငြား အားပြင်းသော မီးဆလိုက်များကြောင့် အနည်းငယ် အနေကျပ်ခဲ့သည်ကိုမူ ဝန်ခံရပေမည်။ ထိုနေ့က အဆိုပါ ငါးမိနစ်စာ အင်တာဗျူးရိုက်ကူးခြင်းတွင် ကျွန်ုပ်ဖြေဆိုခဲ့သော အကြောင်းအရာများမှာ မှတ်မိသမျှ အောက်ပါအတိုင်း ဖြစ်၏ ။

*****

လေး

လေမင်းသား။ ။ "ဗိုလ်ချုပ်မှူးကြီးအနေနဲ့ ဖွဲ့စည်းပုံအခြေခံပြင်ဆင်ရေးနဲ့ ပတ်သက်တဲ့ ခံယူချက်သဘောထားလေး သိပါရစေခင်ဗျ"

ကျွန်ုပ်။ ။ "ဒီဥပဒေဟာ ပြင်ဆင်သင့်တယ်ဆိုတာ ရှင်းနေတာပဲ မောင်၊ ဒီနာဂစ်ဥပဒေကြီး ဖြစ်လာတာကိုက ကျုပ်တို့မှားခဲ့တဲ့ ရောမအမှားကြီးလေ၊

ဒါကြောင့် တိုင်းပြည်မျက်နှာကို ထောက်ပြီး ဖြစ်တဲ့နည်းနဲ့ အမြန်ဆုံး ပြင်ဆင်ရမှာပေါ့။ လိုအပ်ရင် အသစ်ပြန်လည်ရေးဆွဲတာ၊ စစ်မှန်တဲ့ လူထုဆန္ဒခံပွဲ ကျင်းပတာတွေ လုပ်ဆောင်သွားမှာပါ၊ ပျက်အစဉ် ပြင်ခဏ မဟုတ်လား၊ ဒီအချက်ကို တစ်ကမ္ဘာလုံးက စိတ်အေးစေလိုပါတယ်"

လေမင်းသား။ ။ "ဟုတ်ကဲ့၊ ဗိုလ်ချုပ်မှူးကြီးခင်ဗျ။ ပြီးခဲ့တဲ့ရက်ပိုင်းက ဖြစ်ပွားခဲ့တဲ့ တိုင်းရင်းသားလက်နက်တပ်ဖွဲ့တစ်ခုရဲ့ သင်တန်းကျောင်းပေါ်ကို လက်နက်ကြီးနဲ့ ပစ်ခတ်ခဲ့တဲ့ ဖြစ်စဉ်အပေါ် ဗိုလ်ချုပ်မှူးကြီးအနေနဲ့ ဘယ်လိုများ မှတ်ချက်ပေးချင်ပါသလဲ"

ကျွန်ုပ်။ ။ "မြန်မာတိုင်းရင်းသားတွေဟာ မြန်မာနိုင်ငံသားတွေပါပဲ။ ဒီကလေးတွေ ဆုံးပါးသွားရတာ ကျုပ် နည်းနည်းမှ စိတ်မချမ်းသာလှဘူး၊ အောက်ခြေတပ်ဖွဲ့တွေရဲ့ အမှားဆိုပေမယ့် ကျုပ်ဟာ ကာကွယ်ရေးဦးစီးချုပ် ဖြစ်လေတော့ ကျုပ်မှာ အပြည့်အဝ တာဝန်ရှိတာ ဝန်ခံပါတယ်။ ဒီတော့ လက်ရှိငြိမ်းချမ်းရေးဆွေးနွေးပွဲ မပျက်ပြားရအောင် ၂၀၁၅ ရွေးကောက်ပွဲကို အနှောင့်အယှက်မဖြစ်ရလေအောင် ကျုပ်အနေနဲ့ ကိုယ်တိုင်တောင်းပန်ပြီး နှစ်ဖက်ကျေလည်မှုရဖို့ လုံးပန်းရမှာပေါ့။ အဲ နောင်အလားတူဖြစ်ရပ်မျိုး မဖြစ်ရလေအောင် အောက်ခြေတပ်သားအဆင့်အထိ စစ်သားကောင်းစိတ်ဓာတ် ကိုယ်စီရှိလာအောင် ပညာပေးလေ့ကျင့်ပျိုးထောင်မှုတွေ စတင်လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်"

ဤနေရာတွင် ကျွန်ုပ် အာခေါင်ခြောက်သဖြင့် ရေသောက်ရန် ရုပ်သံရိုက်ကူးခြင်းကို သုံးမိနစ်မျှ ရပ်နားထားရ၏ ။

လေမင်းသား။ ။ "ဟုတ်ကဲ့၊ နောက်တစ်ချက်က မကြာခင်ကျင်းပမယ့် ခြောက်ပွင့်ဆိုင် ဆွေးနွေးပွဲအပေါ် ဗိုလ်ချုပ်မှူးကြီးရဲ့ အမြင်လေးကိုလည်း သိပါရစေခင်ဗျ"

ကျွန်ုပ်။ ။ "အေးဗျာ၊ စစ်သားဆိုတာ ဘာမဆို လုပ်တတ်တယ်ဆိုတဲ့ ခံယူချက်အမှားတွေကြောင့် တိုင်းပြည်ဒုက္ခရောက်လှပါပြီ။ ကျုပ်သဘောထားကတော့ လေးပွင့်ဖြစ်ဖြစ် ခြောက်ပွင့်ဖြစ်ဖြစ် အမြန်ဆုံး ဆိုင်းလိုက်ချင်တာပါပဲ။ အမှန်က အပွင့်အရေအတွက်ဟာ အဓိကမကျလှပါဘူး။ တကယ်လက်တွေ့မှာ အဖက်ဖက်က ချွတ်ခြုံကျနေတဲ့ ကျုပ်တို့တိုင်းပြည်ကို အဖတ်ဆယ်နိုင်ဖို့သာ လိုရင်းမို့ ကျုပ်ဘက်ကတော့ တစ်ရေးနိုးလာခေါ်လည်း ထလိုက်လာဖို့ အဆင်သင့်ပါ"

အားပြင်းလှသော မီးဆလိုက်ကြောင့် ကျွန်ုပ် ချွေးပြန်လာသဖြင့် ချွေးသုတ်ရန်အလို့ငှာ ရိုက်ကူးခြင်းကို နောက်ထပ်နှစ်မိနစ် ရပ်နားရပြန်သည်။ ထို့နောက် မူလအစီအစဉ်အတိုင်း ဆက်၍ ရိုက်ကူး၏ ။

*****

ငါး

လေမင်းသား။ ။ "အခုလို မြန်မာပြည်ရဲ့ ဒီမိုကရေစီခေတ်ဆီ အကူးအပြောင်းမှာ နိုင်ငံတကာဆက်ဆံရေးဟာ အလွန်အရေးပါတယ်လို့ ယူဆပါတယ်။ ဒီကိစ္စအပေါ် ဗိုလ်ချုပ်ကြီးရဲ့ ဆင်ခြင်သုံးသပ်ချက်လေးလည်း သိပါရစေ"

ကျွန်ုပ်။ ။ "သိပ်ကောင်းတဲ့ မေးခွန်းပဲဗျာ။ မြန်မာပြည် တံခါးပိတ်စဉ်ကာလတုန်းက ကျုပ်တို့ တရုတ်နိုင်ငံနဲ့ ဆက်ဆံခဲ့သမျှ ကိုယ့်ဘက်က အနာချည်းပဲဗျ။ လက်ရှိအခြေအနေမှာ အနောက်နိုင်ငံတွေနဲ့ ဆက်ဆံရေးလမ်းပွင့်လာပြီမို့ ခေတ်မီနည်းပညာတွေ၊ လိုအပ်တဲ့ ငွေကြေးအထောက်အပံ့တွေ ရလာနိုင်ဖို့ အမေရိကန်အပါအဝင် ဥရောပသမဂ္ဂနိုင်ငံတွေနဲ့ပါ ဆက်ဆံရေးအရှိန်အဟုန် မြှင့်သွားဖို့ ဆုံးဖြတ်ထားပါတယ်။ တရုတ်နည်းပညာမှန်သမျှ အနောက်ကလာတာလေ၊

မိတ္တူဘယ်လောက်ကောင်းကောင်း မူရင်းဘယ်မီပါ့မတုန်း။ ဒါပေမယ့် တရုတ်ကိုလည်း ရန်သူအဖြစ် မဆက်ဆံပါဘူး၊ မြန်မာပြည်ထဲလာပြီး လုပ်ကိုင်တဲ့ ရင်းနှီးမြှုပ်နှံမှု ကဏ္ဍတွေမှာ တရားသဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်ဖို့ ကျုပ်တို့ လမ်းဖွင့်ပေးထားမှာပါ၊ ဒါပေမယ့် ကိုယ်ကျင့်တရားပါဝင်ဖို့တော့ သိပ်အရေးကြီးတယ်"

လေမင်းသား ။ ။ "ဒီနေရာမှာ ကြားဖြတ်ပြီး မေးခွန်းလေးတစ်ခု မေးပါရစေ။ သတင်းထောက်တစ်ယောက် အသတ်ခံရတဲ့ကိစ္စဟာ ခုဆို လူ့အခွင့်အရေးကော်မရှင်က စုံစမ်းစစ်ဆေးနေတဲ့အဆင့်ကို ရောက်နေပါပြီ။ ဒီကိစ္စအပေါ် တပ်မတော်ရဲ့ တာဝန်အရှိဆုံး ပုဂ္ဂိုလ်ဖြစ်တဲ့ ဗိုလ်ချုပ်မှူးကြီးအနေနဲ့ ဘာများ ခုခံချေပချင်ပါသလဲ"

ကျွန်ုပ် ။ ။ "ဘာမှ ထွေထူးပြီး ခုခံစရာ မရှိပါဘူး။ ဒါဟာ စစ်သားဆိုပြီး ဥပဒေမဲ့ မဆင်မခြင် ဆောင်ရွက်ခဲ့တဲ့ လုပ်ရပ်တစ်ခုပါ။ ဒီမယ်၊ အမှားနှစ်ခုဟာ အမှန်တစ်ခု ဖြစ်မလာဘူးဗျ။ အပြစ်ကိုဝန်ခံတာ ရှက်စရာမဟုတ်ဘူး။ လိမ်ညာရှောင်လွှဲနေခြင်းဟာ စစ်သားသိက္ခာကို ကျဆင်းစေတယ်။ စစ်သားစစ်စစ်ဆိုရင် ရန်သူကိုတောင် လေးစားရပါမယ်။ ဒီကိစ္စမှာ တရားဥပဒေအတိုင်း ဖြစ်ရပါစေ့မယ်"

လေမင်းသား။ ။ "ဟုတ်ကဲ့၊ အတော်လေးလည်း ပြည့်ပြည့်စုံစုံ ဖြစ်သွားပါပြီ။ နောက်ဆုံးမေးခွန်းအနေနဲ့ ဗိုလ်ချုပ်မှူးကြီးရဲ့ ဘဝရှေ့ရေးကို ဘယ်လိုများ စိတ်ကူးထားပါသလဲဆိုတာ သိခွင့်ရှိခဲ့ရင် သိပါရစေ"

ကျွန်ုပ်။ ။ "သိခွင့်ရှိပါတယ်ဗျ။ ကျုပ်က စစ်သားပဲ၊ လုပ်သက်ပြည့်ရင် ပင်စင်ယူမယ်၊ ကျုပ်ဇာတိ နတ်မောက်၊ အဲ - ထားဝယ်ကိုပြန်ပြီး ပင်လယ်ကမ်းခြေမှာ အေးအေးဆေးဆေး စစ်မှုထမ်းဘဝ အတွေ့အကြုံတွေကို စာပြန်ရေးရင်း ဘဝရဲ့နောက်ဆုံးအချိန်တွေကို ကုန်ဆုံးချင်ပါတယ်။ အလိမ်အညာ အဖြီးအဖြန်းတွေနဲ့ နိုင်ငံရေးလောကကို ကျုပ် သိပ်စိတ်ကုန်တယ်ဗျာ"

လေမင်းသား။ ။ "ဟုတ်ကဲ့ပါ၊ ဗိုလ်ချုပ်မှူးကြီးခင်ဗျာ အခုလို မအားမလပ်တဲ့ ကြားကနေ ပြည့်ပြည့်စုံစုံ စိတ်ရှည်လက်ရှည် ပြန်လည်ဖြေကြားပေးတဲ့အတွက် ကျွန်တော့်အနေနဲ့ ကျေးဇူးဥပကာရ တင်ရှိကြောင်း အလေးအနက် ပြောလိုပါတယ်"

ကျွန်ုပ် ။ ။ "ကျုပ်ဘဝမှာလည်း ဒါဟာ ပထမဆုံးအတွေ့အကြုံပါပဲ။ ရင်ထဲမှာရှိတဲ့အတိုင်း ဖြေခွင့်ရတာ ကိုပဲ ကျေးဇူးတင်လှပါပြီ"

*****

ခြောက်

ဤသို့ဖြင့် ကျွန်ုပ် ပါဝင်သရုပ်ဆောင်ခဲ့ရသည့် ရုပ်သံအင်တာဗျူးခန်းသည် အောင်မြင်စွာ ပြီးဆုံးခဲ့ပြီးနောက် တပည့်ကျော် လေမင်းသားသည် ရိုက်ကူးခဲ့သည့် ရုပ်သံအင်တာဗျူးအား လိုအပ်သလို ပြင်ဆင်တည်းဖြတ်လျက် စီအန်အန်သတင်းဌာနကြီးသို့ ပေးပို့လိုက်လေတော့သည်။ ကျွန်ုပ်မှာမူ အဆိုပါရုပ်သံရိုက်ကူးပြီးနောက် ကိုယ့်ကိုကိုယ် ကျေနပ်အားရလွန်းလှသဖြင့် သုံးညတိုင်တိုင် အိပ်၍ မပျော်ခဲ့ကြောင်းကိုမူ မခြွင်းမချန် ဖော်ပြမှသာ သင့်လျော်ပေလိမ့်မည်။

ထိုမှ ရက်သတ္တပတ်နှစ်ပတ်မျှကြာသောအခါ တပည့်ကျော်လေမင်းသားသည် လဒအိုကို ဘိန်းကျွေးထားသည့်နှယ် လွန်စွာ စိတ်ဓာတ်ကျဆင်းနေသော မျက်နှာထားဖြင့် ကျွန်ုပ်ရှိရာ အိမ်ဂေဟာသို့ ခေါင်းငိုက်စိုက်ချကာ ရောက်လာခဲ့လေ၏ ။ အကျိုးအကြောင်း မေးမြန်းသော်ငြား စကားပြန်တစ်ချက်မှ မရဘဲ လက်ထဲမှစာအိတ်ငယ်ကိုသာ ကျွန်ုပ်၏ လက်ဝယ်သို့ အသာထိုးထည့်လျက် လေးလံသောခြေလှမ်းများဖြင့် ခြံဝင်းအတွင်းမှ ပြန်လည်ထွက်ခွာသွားလေသည်။

အဆိုပါစာအိတ်အတွင်းမှ စာရွက်ငယ်ကို ကျွန်ုပ်

ဖွင့်ဖောက်ဖတ်ရှုကြည့်မိသည့်အခါ စီအန်အန်သတင်းဌာန၏ ခေါင်းစီးတံဆိပ်ပါရှိသည့် စာရွက်ငယ်တွင် ရေးသားထားသည်မှာ အောက်ပါအတိုင်း ဖြစ်၏ ။

"မစ္စတာလေမင်းသား ရိုက်ကူးပေးပို့သော `မြန်မာ့တပ်မတော်ဗိုလ်ချုပ်ကြီး' အမည်ရှိ ရုပ်သံအင်တာဗျူးသည် ရိုက်ချက်၊ အသံ၊ တည်းဖြတ်မှုတို့တွင် နိုင်ငံတကာ ပညာရှင်များပင် လက်ဖျားခါရလောက်အောင် ကောင်းမွန်လှပါ၏ ။ ဗိုလ်ချုပ်မှူးကြီးအဖြစ် သရုပ်ဆောင်ခဲ့သော ဆြာဒင်၏ သရုပ်ဆောင်ချက်နှင့် အသံလေယူလေသိမ်းမှာ ဟောလိဝုဒ်မှ ဝါရင့်မင်းသားကြီးများပင် လိုက်မမီနိုင်သည်မှာ သေချာလှ၏ ။

သို့သော် သတင်းဌာနတစ်ခုအနေဖြင့် သတင်းတစ်ရပ် ဖန်တီးရာတွင် ယုတ္တိတန်ခြင်း မတန်ခြင်းမှာ လွန်စွာအရေးကြီးလှသည် ဆိုသောအချက်ကို မမေ့သင့်ချေ။ စီအန်အန်သတင်းဌာနမှ လက်ခံရရှိသော လူကြီးမင်း၏ နမူနာရုပ်သံတွင် ပြန်လည်ဖေါ်ပြထားသည့် ဗိုလ်ချုပ်မှူးကြီးကဲ့သို့ ထူးချွန်ပြောင်မြောက်သော စစ်ခေါင်းဆောင်သည် မြန်မာပြည်တွင် မရှိနိုင်။ အလားတူ ဗိုလ်ချုပ်မှူးကြီးရှိသည့် တိုင်းပြည်သည်လည်း မြန်မာပြည်ဖြစ်နိုင်ဖွယ်ရာ အကြောင်းမရှိချေ။

သို့ပါ၍ မစ္စတာလေမင်းသားအား စီအန်အန်မှ ကမ်းလှမ်းချက်ကို ပြန်လည်ရုပ်သိမ်းကြောင်း ဝမ်းနည်းစွာ ဖော်ပြအပ်ပါသည်။

အင်ဒါဆန်ကူးပါး

အမှုဆောင်အရာရှိချုပ်

စီအန်အန်ရုံးချုပ်

အတ္တလန်တာ၊ ဂျော်ဂျီယာပြည်နယ်

အမေရိကန်ပြည်ထောင်စု

၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ (၁၄)ရက်

မက်ဆင်ဂျာအပတ်စဉ်ဂျာနယ်

# ကျွန်ုပ်၊ နော်ဝေဘုရင်ကြီးနှင့် တွေ့ဆုံခဲ့ရစဉ်က




## တစ်

ကျွန်ုပ်သည် ငယ်စဉ်က ကွန်မြူနစ်အတွေးအခေါ်အခြေခံသည့် လက်ဝဲစာပေများကို စိတ်အားထက်သန်စွာ လေ့လာဖတ်ရှုခဲ့သူဖြစ်သည့်အလျောက် ဆင်းရဲသား ကျောမွဲလူတန်းစားမျက်ဘက်မှ ရပ်တည်လိုသည့်စိတ်ဓာတ် ပြင်းထန်ခဲ့ပြီး မင်းစိုးရာဇာများ၊ အစိုးရပိုင်းမှ အရာရှိကြီးများ၊ အထက်တန်းလွှာ လူ့မလိုင်များနှင့် ခပ်ကင်းကင်းနေလိုသောစရိုက် ရှိခဲ့လေသည်။ ထို့ပြင် လက်ရှိ ကျွန်ုပ် အခြေချနေထိုင်လျက်ရှိသည့် ယိုးဒယားပြည် ဖူးခက်တည်းဟူသော

အရပ်ဒေသမှာ မြန်မာရွှေ့ပြောင်းအလုပ်သမားဦးရေ သိန်းချီရောက်ရှိနေသည့် ဒေသဖြစ်သော်လည်း မြန်မာအစိုးရအရာရှိမင်းဟူ၍ ဖူးခက်မြို့တွင် ခွေးတစ်ကောင် ကြောင်တစ်မြီးမှ မတွေ့ရသောအရပ်ဖြစ်လေရာ ဆင်းရဲသားကျောမွဲတို့အကြားတွင် ပျော်မွေ့လိုသော ကျွန်ုပ်၏ စိတ်ဓာတ်နှင့် လွန်စွာ အံကျလျက်ရှိလေ၏ ။

သို့သော် လွန်ခဲ့သော ရက်သတ္တပတ်ကမူ ကျွန်ုပ်၏ အီးမေးလ်သို့ လိပ်မူလျက် ထူးဆန်းစွာ ရောက်ရှိလာသော စာတစ်စောင်ကို အကြောင်းပြုလျက် အလွန်တရာ ကြီးကျယ်ခမ်းနားသော မင်းစိုးရာဇာစာရင်းတွင် ထိပ်သီးစာရင်းမှ ပါဝင်သည့် ပုဂ္ဂိုလ်ကြီးတစ်ဦးနှင့် တွေ့ဆုံခဲ့ရလေသည်။ အဆိုပါစာမှာ နော်ဝေနိုင်ငံ ဘုရင်မင်းမြတ်၏ အိမ်တော်ဝန် မစ္စတာမိုနီတာ (Monica Maerland) ထံမှဖြစ်၍ စာပါအကြောင်းအရာ၏ အနှစ်ချုပ်မှာ နော်ဝေဘုရင်မင်းမြတ်သည် လွန်ခဲ့သော ရက်ပိုင်းက ရောက်ရှိခဲ့သော မြန်မာပြည်ခရီးစဉ်တွင် စိတ်လက်မချမ်းမြေ့ဖွယ်ရာများ ကြုံတွေ့ခဲ့ရသဖြင့် နော်ဝေ တော်ဝင်နန်းတော်သို့ ချက်ချင်းပြန်လည် ကြွမြန်းတော်မမူဘဲ စိတ်ပြေလက်ပျောက် အလို့ငှာ ယိုးဒယားပြည် ဖူးခက်ကမ်းခြေသို့ ခရီးတစ်ထောက် ဝင်ရောက်လည်ပတ်မည်ဖြစ်၍ လိုအပ်သလို ကြိုဆိုပံ့ပိုးကူညီပါမည့်အကြောင်း မေတ္တာရပ်ခံလာခြင်း ပေတည်း။

အဆိုပါစာနှင့် ပတ်သက်၍ ကျွန်ုပ်၏ စိတ်တွင် ထူးထူးခြားခြား ခံစားချက်တစ်စုံတစ်ရာ မရှိသော်ငြား နော်ဝေဘုရင်ကြီး ဟာရေး မြန်မာပြည် မန္တလေးမြို့ ဂေါဝန်ဆိပ်ကမ်းသို့ လည်ပတ်ကြည့်ရှုခဲ့စဉ် အချိန်အတွင်း အိမ်ခြေမဲ့ဆင်းရဲသားတို့၏ တဲများ ဘူဒိုဇာဖြင့် ထိုးကော်ခံရသည့်သတင်းကို ကြားသိပြီးဖြစ်၍ မြန်မာပြည်ဖွား နိုင်ငံသားတစ်ဦးအနေဖြင့် တတ်နိုင်သည့်ဘက်မှ လူမျိုးဂုဏ်ကို ဆယ်တင်ရန် တာဝန်ရှိသည်ဟု ခံယူမိသည့်အလျောက် အဆိုပါ အကူအညီ တောင်းခံမှုကို ဝမ်းမြောက်ဝမ်းသာ လက်ခံခဲ့လေသည်။

*****

နော်ဝေဘုရင်မင်းမြတ် ကြွရောက်လာသည့်အခါ နွေးထွေးရင်းနှီးစွာ ပြောဆိုဆက်ဆံရန် တာဝန်ရှိသည်ဖြစ်၍ ကျွန်ုပ်အနေဖြင့် နော်ဝေနိုင်ငံ၏ နောက်ခံသမိုင်းကို ဗီကီစာမျက်နှာမှလည်းကောင်း၊ နော်ဝေဘာသာစကား ထမင်းစားရေသောက်အဆင့်ကို နော်ဝေနိုင်ငံရေး ကိုမြတ်စိုးဆိုသူထံမှ လည်းကောင်း အပူတပြင်း လေ့လာသင်ယူခဲ့ရာ ကျွန်ုပ်၏ ပါရမီအရ လျှင်မြန်လှသော ဉာဏ်ပဋိဘာန်ကြောင့် နှစ်ရက်တာကာလအတွင်း ကျွမ်းကျင်တတ်မြောက်ခဲ့လေသည်။ နော်ဝေဘုရင်မင်းမြတ်၏ ခရီးစဉ်နှင့် ပတ်သက်၍ ၎င်း၏ လုံခြုံရေးအလို့ငှာ ကျွန်ုပ်အနေဖြင့် မည်သူတစ်ဦးတစ်ယောက်ကိုမျှ ဖွင့်ဟပြောဆိုခြင်း မပြုခဲ့သော်လည်း စပ်စပ်စုစုနိုင်လှသော လက်ရင်းတပည့်ကျော်သုံးဦးမှာမူ အဆိုပါသတင်းစကားကို မမျှော်လင့်ဘဲ ကြိုတင်သိရှိသွားခဲ့ကြခြင်းမှာ နော်ဝေဘာသာစကားအား ကျွန်ုပ် ကျက်မှတ်အာဂုံဆောင်နေချိန်တွင် သင်းတို့နှင့် ပက်ပင်းတိုးမိခြင်းကြောင့် ဖြစ်၏ ။

ကျွန်ုပ် ။ ။ "ဗဲကွန်းမန်း (လှိုက်လှဲစွာ ကြိုဆိုပါတယ်)။ ဟီးဂဲလိအိုးဆဲဒိုင်း (တွေ့ရတာ ဝမ်းသာပါတယ်)။ ဗိုးဒေါန်ဟာဒူးဒဲ (နေကောင်းပါရဲ့လားခင်ဗျ)။ ဗားရှဂု (သုံးဆောင်ပါခင်ဗျာ)"

ဖေကြည် ။ ။ "အလို၊ ဆြာဒင့်ပါးစပ်ကထွက်တဲ့ အသံတွေက တယ်ထူးဆန်းလှပါကလား"

လေမင်းသား။ ။ "တပည့်စိတ်ထင်တော့ ဥရောပစကားသံတစ်ခု ဖြစ်နိုင်တယ်၊ ဧကန္တ ဆြာဒင်တစ်ယောက် ဥရောပသူတစ်ယောက်ယောက်နဲ့များ အဆက်အဆံ ရှိနေလေရော့သလား"

ကပ္ပလီ ။ ။ "ထိုင်းစကားတောင် ကောင်းကောင်းမကျက်တဲ့ ငါတို့ဆရာ။ တစ်ခုခုတော့ ထူးနေပြီ"

ကျွန်ုပ် ။ ။ "တော်ကြစမ်းကွယ်တို့။ နော်ဝေဘုရင်ကြီး ဖူးခက်ကိုလာလည်မတဲ့ဟ၊ အဲသဟာ ကျွန်ုပ်အနေနဲ့ ကြိုဆိုဧည့်ခံရမတဲ့။ ဒါကြောင့် ပြောဆိုဆက်ဆံရာမှာ အဆင်ချောစေဖို့ စကားပြောကျင့်နေတာလကွဲ့"

ကျွန်ုပ်၏ စကားအဆုံးတွင် တပည့်ကျော်သုံးဦးသည် ပါးစပ်အဟောင်းသားဖြင့် မျက်ကလဲဆန်ပြာဖြစ်ကြလျက် ထိုင်ရမလို ထရမလို ကျိုးကန်းတောင်းမှောက် မျက်နှာပေးကိုယ်စီ ရှိနေကြလေရာ ကျွန်ုပ်လည်း ၎င်းတို့ပ စိုးရိမ်ထိတ်လန့်တကြီး မဖြစ်စေရန် အားပေးနှစ်သိမ့်စကား ဆိုလိုက်ရချေသည်။

ကျွန်ုပ်။ ။ "ဘုရင်ကြီးဆိုတဲ့ နာမည်ကြောင့် သိလည်း မတုန်လှုပ်ကြပါနဲ့ကွယ်ရို့။ နော်ဝေနိုင်ငံဟာ ဟိုးတစ်ချိန် တစ်ခါတုန်းကလည်း ငါတို့နိုင်ငံလိုပဲ ဆင်းရဲတွင်း နက်ခဲ့တာပါ။ နော်ဝေလူမျိုးတွေဟာ သဘာဝတရားကို အင်မတန် မြတ်နိုးကြသတဲ့။ ဘုရင်ကြီးဆိုရင် မန္တလေးဂေါ်ဝန်ဆိပ်ကမ်းဖြစ်ရပ်မှာ ဆင်းရဲသားတွေအတွက် အတော့်ကို စိတ်မကောင်း ဖြစ်သတဲ့။ ပုံမှန်အတိုင်းသာ ဂုဏ်သရေရှိ ဧည့်သည်တော်တစ်ယောက်ကို ကြိုနည်းမျိုးနဲ့ ကြိုဆိုဖို့ ပြင်ဆင်ကြပါလေ"

မိုးနှင့်မြေပမာ ကွာခြားလွန်းလှသော အဆင့်အတန်းကြောင့် စိတ်ပျက်အားငယ်သွားကြရှာသော တပည့်များအား ဆြာသမားပီပီ အားပေးစကား ပြောဆိုပြီးသည့်အချိန်တွင် ထင်မှတ်မထားသော စိုးရိမ်ပူပန်မှုတစ်ခုသည် ကျွန်ုပ်၏ အတွေးထဲသို့ ရုတ်ခြည်းအမှတ်မထင် ဝင်ရောက်လာခဲ့ပြန်ချေပြီတစ်မုံ့။

*****

သုံး

ဤ ဖူးခက်တည်းဟူသော အရပ်တွင် မြန်မာနိုင်ငံအရပ်ရပ်မှ ရောက်ရှိလာကြကာ မျက်နှာငယ်ဘဝ ခိုင်းဖတ်ဘဝဖြင့် မြင်သမျှလူမျိုး တစ်ရာ့တစ်ပါးတို့ကို အောက်ကျို့ဆက်ဆံရသော မြန်မာအလုပ်မသား

နှစ်သိန်းဝန်းကျင်မျှရှိ၏ ။ မန္တလေးမြို့ ဂေါဝန်ဆိပ်ကမ်းတွင် စိတ်မချမ်းမြေ့ဖွယ် မြင်ခဲ့ရသော ဧည့်သည်တော် ဂုဏ်သရေရှိ လူကြီးမင်းသည် အဆိုပါ ဖူးခက်ရောက်မြန်မာတို့၏ ဘဝအခြေအနေမှန်ကို မြင်ရကြားရသည်ရှိသော် တစ်ပူပေါ် နှစ်ပူဆင့်လေတော့မည်။ ထို့ပြင် ဂေါဝန်အရပ်၌ ကျဆင်းခဲ့ရသော မြန်မာတို့၏ ဂုဏ်သိက္ခာသည် ဖူးခက်အရောက်တွင် အဖတ်ဆယ်မရ ဖြစ်ရပေတော့မည်။ အသို့လျှင် ကြံပါအံ့နည်း။ ထိုပူပန်စိတ်ကြောင့် ကျွန်ုပ်သည်ထိုညဉ့်တွင် အိပ်၍ မပျော်နိုင်ဘဲ ရှိခဲ့ရာ နံနက်စောစော လင်းအားကြီးအချိန်၌ အတူနေတပည့်တို့၏ လှုပ်လှုပ်ရွရွ အသံတို့ကြောင့် အိမ်အောက်ထပ်သို့ဆင်းကာ အကြောင်းရင်းကို မေးမြန်းရပြန်၏ ။

ကျွန်ုပ်။ ။ "စောစောစီးစီး အဘယ်အရာကို တိုင်ပင်နေကြပါလိမ့် ကိုယ့်လူတို့"

ဖေကြည်။ ။ " ဧည့်သည်ဘုရင်ကြီးဟာ ဆြာ့အိမ်ကို ရောက်ချင်ရောက်လာမှာမို့ အိမ်ရှေ့အုတ်နံရံကို ထုံးသုတ်ဖို့ တိုင်ပင်နေကြတာ ဆြာရဲ့"

လေမင်းသား။ ။ "ဘာပဲဖြစ်ဖြစ် ပန်းအိုးတွေရောင်းတဲ့ ထိုင်းသူဌေးရဲ့ဆိုင်မှာ လုပ်နေတဲ့ ဘော်ဒါတစ်ယောက်ဆီက ပန်းအိုးကြီးကြီး လေးငါးဆယ်လုံးလောက် ခြံထဲရွှေ့ပြီး အမြင်တင့်အောင် ဖန်တီးဦးမှဖြစ်မယ် ဆြာ"

ကျွန်ုပ်။ ။ "ရပ်တန်းက ရပ်ကြပါ မောင်တို့ တစ်ရှက်ကနေ နှစ်ရှက်ဖြစ်အောင် မဖန်တီးကြပါလေနဲ့တော့"

ထိုသို့လျှင် ဒီဇင်ဘာလ ၅ ရက်နေ့ သန်းခေါင်းယံအချိန်တွင် နော်ဝေဘုရင်မင်းမြတ် စီးနင်းလိုက်ပါလာသော ဘိုးရင်းဂျက်လေယာဉ်ကြီးသည် ဖူးခက်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ပ ချောမောစွာ ဆိုက်ရောက်လာခဲ့ရာ ကျွန်ုပ်နှင့်တပည့်တစ်သိုက်မှာ ဂုဏ်ပြုပန်းစည်းကိုယ်စီဖြင့် လေယာဉ်လှေခါးရင်းမှ

အဆင်သင့် ဆီးကြိုနေခဲ့ရလေသည်။

ဘုရင်ကြီး မိဖုရားနှင့်အတူ အိမ်တော်ဝန် လိုက်ပါလာခဲ့ပြီး ဘုရင်ကြီးသည် ကျွန်ုပ်၏ နှုတ်ခွန်းဆက်စကားကို ပြုံးရွှင်သော မျက်နှာထားဖြင့် တုံ့ပြန်တော်မူ၏ ။ မိဖုရားကြီးကား ချိုသာသော အသွင်ဆောင်သော်ငြား ပြုံးရုံမျှသာ တုံ့ပြန်သည်ကို ထောက်ရှု၍ နှုတ်နည်းဟန်ရှိသည်ကို ကျွန်ုပ် သတိချပ်မိသည်။

ကျွန်ုပ် ။ ။ "ယော်မာဂျက်စတီ၊ ဗဲကွန်းမန်း"

ဘုရင်မင်းမြတ် ။ ။ "ဟိုင်း၊ မစ္စတာဒင်၊ ဟီးဂဲလိအိုးဆဲဒိုင်း"

ထို့နောက် ကျွန်ုပ်ကိုယ်တိုင် မောင်းနှင်လာသောကားဖြင့် ဘုရင်မင်းမြတ် တည်းခိုမည့် ဟိုတယ်ရှိရာ ကလွန်းကမ်းခြေသို့သွားရာ လမ်းတစ်လျှောက်တွင် ၎င်းစိတ်အပန်းပြေစေရန် အလို့ငှာ နိုဗဲလ်ဆုရ နော်ဝေစာဆိုကြီး ဗျန်ဆင်၏ အကြောင်းကို စိတ်ဝင်စားဟန်ပြကာ စကားလက်ဆုံကျအောင် ကျွန်ုပ်အနေဖြင့် အားထုတ်ခဲ့ပေ၏ ။ ဖူးခက်တွင်နေထိုင်မည့် နှစ်ရက်တာကာလအတွင်း မည်သည့်နေရာများသို့ လှည့်လည်ကြည့်ရှုလိုကြောင်း စကားတောက်ကြည့်ရာတွင် ဘုရင်ကြီး၏ တုံ့ပြန်ချက်မှာ ကျွန်ုပ်အား အလွန်အမင်း အံ့အားသင့်စေသည်။

"မစ္စတာဒင် အဆင်ပြေသလိုသာ စီစဉ်ပါလေ။ အကျွန်ုပ်အနေနဲ့ကတော့ မစ္စတာဒင်တို့ ဆရာတပည့်တစ်သိုက်နဲ့ တွေ့ခွင့်ရတာ ကိုပဲ ဝမ်းမြောက်လှပါပြီ"

*****

လေး

မျှော်လင့်မထားသည့် ဘုရင်မင်းမြတ်၏ နှုတ်ထွက်စကားကြောင့် ကျွန်ုပ်ရင်တွင်းမှ အပူသည် အတန်ငယ်သက်သာသွားသလိုလို ရှိ၏ ။ ဘုရင်မင်းမြတ်နှင့် ဆက်ဆံရာတွင် ဂါရဝေါ စ နိဝါတော စ ဟူသော မင်္ဂလာတရားတော်ကို မလေ့မလျော့ရန် တီးတိုးမှာကြား သွန်သင်ရင်း ဆုံးခန်းတိုင်

ရတက်အေးနိုင်စေရန် တပည့်တို့အား သတိပေးညှိနှိုင်းခြင်း ပြုရပြန်သည်။

ကျွန်ုပ် ။ ။ "ဖူးခက်မှာ မြန်မာရွှေ့ပြောင်း အလုပ်သမားတွေ တစ်ပြုံတစ်မကြီး ရောက်နေတာ မသိပါစေနှင့် မောင်တို့ရာ။ စိတ်ညစ်လို့ ရေစပ်ဆင်းထိုင်ကာမှ သပွတ်အူမျောလာတဲ့ကိန်းဆိုက် ဆိုသလို ဖြစ်နေပါဦးမယ်၊ ဖူးခက်မြို့တစ်ဝိုက် လိုက်ပြလို့တော့ ဘယ်နေရာ ခလုတ်တိုက်တိုက် မြန်မာတွေချည်းပဲ ဖြစ်နေမှာ မြင်ယောင်သေးကွာ"

ဖေကြည်။ ။ "ဒါများ ဆြာရယ် ပူစရာမရှိ ရှာကြံမပူစမ်းပါနဲ့ဗျ"

လေမင်းသား။ ။ "ဟုတ်ပ့ါ၊ တပည့်တို့တာဝန် ထမ်းစမ်းပါ ဆြာ"

ကပ္ပလီ ။ ။ "ဆြာ့တပည့်တွေနဲ့ စကားဝိုင်းဖွဲ့မိလို့ကတော့ ဆြာ့ဘုရင်ကြီး အပြင်ထွက်ချိန်တောင် မရဘူး မှတ်"

တပည့်တစ်သိုက် ရဲပွံ့စွာ အာမခံကြလေသော် ကျွန်ုပ်သည်လည်း အတန်ငယ် စိတ်အေးရသည့်အပြင် တပည့်ကျော်တို့သည် ခွေးဘုရားပွဲ တွေ့ဘိသကဲ့သို့ စွေ့စွေ့ခုန်မတက် ဝမ်းသာအားရရှိလျက် ဘုရင်ကြီး ဖူးခက်မြို့တွင် ရှိနေသည့်ရက်များအတွင်း တစ်နေကုန်နီးပါး ဟိုတယ်မှမခွာဘဲ ဘုရင်ကြီးနှင့် စကားဖောင်ဖွဲ့လျက် ရှိကြရာ ဘုရင်ကြီးကိုယ်တိုင် အပြင်ထွက် လည်ပတ်ရန် မေ့လျော့နေသည်ဟူ၏ ။ တပည့်ကျော်သုံးဦးမှာ တစ်သက်တွင် တစ်ခါမျှသာ ကံထူးလွန်း၍ ရလာသောအခွင့်အရေးကို မလွတ်တမ်း အသုံးချနေကြသည်မှာ လက်ပံပင် ဆက်ရက်ကျသကဲ့သို့ ရှိနေလေရာ ကျွန်ုပ်ကိုယ်တိုင်ပင် တစ်လုံးတစ်ပါဒမျှ ပြောဆိုခွင့် မရတော့ချေ။ ပြောဆိုကြသော အကြောင်းအရာမှာ စုံလင်လှချေသည်။

ဘုရင်မင်းမြတ်။ ။ "အကျွန်ုပ် မြန်မာပြည်ကို အလည်အပတ်သွားမိတဲ့အတွက် ဆင်းရဲသားတွေ ဒုက္ခရောက်ရတာ နှလုံးစိတ်ဝမ်း မချမ်းမြေ့စရာပါပဲ မောင်တို့"

ကပ္ပလီ ။ ။ "အဲဒါ အဆန်းမှ မဟုတ်တာ၊ ဒီလိုမျိုး လုပ်နေတာ ကြာပေါ့၊ အခု အန်ကယ်နဲ့ကျမှ အရှက်ကွဲကုန်ကြတာ"

ဘုရင်မင်းမြတ် ။ ။ "မြန်မာနိုင်ငံဟာ ကမ္ဘာပေါ်မှာ ဆူဒန်၊ ရဝမ်ဒါ၊ ဆီယာရာလီယွန်တို့ထက် ဆင်းရဲပြီး (၂၃) နိုင်ငံမြောက် အဆင်းရဲဆုံးနိုင်ငံဆိုတာ အကျွန်ုပ် မသိဘဲ ဘယ်နေပ့ါမတုန်း"

လေမင်းသား။ ။ "ဟုတ်ပ့ါ ဟုတ်ပ့ါ အဘရာ၊ ဒါလေးတောင်း မတွေးမိဘဲ လူကြီးတက်လုပ်ပြီး မတော်တရော် ဖုံးကြဖိကြသတဲ့၊ အံ့ချက်ဗျာ။ ဘုရင်ကြီးတို့ နိုင်ငံပိုင်းသတင်းဌာနက ဂေါဝန်ကိစ္စကို သတင်းထုတ်ပြန်ပေးတာ သိပ်ကောင်းတယ်ဗျ။ ဒီမောင်တွေ နှာနုဖြတ်ရိုက် ခံရသလို ဖြစ်ကုန်ပြီ။ ဒါပေသည့် ရှက်ရကောင်းမှန်းတော့ သိကြာမှ မဟုတ်။ ဘယ်သိကြပ့ါမတုန်း၊ ဒီမောင်တွေ မဲခိုးမဲလိမ်ပြီး တက်လာကြတာလေ"

ဘုရင်မင်းမြတ်။ ။ "အကျွန်ုပ်ဟာ မြန်မာပြည်အတွက် အကူအညီပေးဖို့ လာခဲ့တာ၊ အခုတော့..."

ဖေကြည်။ ။ "ဘုရင်ကြီး မြန်မာပြည်ကို ငွေလှူရင် ကြည့်လှူနော်၊ ဒီငွေတွေကို ဒီမောင်တွေက ဖြတ်ဘုန်းပြီး မောင်ပိုင်စီးကြမှာ သေချာတယ်၊ ဆင်းရဲသားတွေကို မပို့မပို့ ပေးကမ်းစွန့်ကြဲပြီး အလှူလက်ဖက်နဲ့ မျက်နှာလုပ်ဦးမှာ။ အင်း၊ အခုလို ဖြစ်သွားတဲ့ကိစ္စကို လူ့အခွင့်အရေးအဖွဲ့တွေက လူကြီးမင်းအနေနဲ့ လျော်ကြေးပေးသင့်တယ်လို့တောင် အသံတွေ ထွက်နေပြန်ပြီနော်"

ဘုရင်မင်းမြတ်။ ။ "(အတန်ငယ်ပြုံးလျက်) လှူမယ့်တန်းမယ့်ငွေလေးတောင် လျော်ကြေးဖြစ်ရတော့မယ့် ကိန်းပါကလား"

ကပ္ပလီ။ ။ "အာ၊ အဲဒီ လို လျော်ကြေးပေးလည်း ကျုပ်တို့ အစိုးရမင်းများက ဖြတ်အုပ်ချင် အုပ်နေဦးမှာ၊ နာဂစ်ကာလလို လူတွေ သိန်းချီသေပြီး အလောင်းမကောက်နိုင်တဲ့ အခြေအနေမှာ

ခြေဥအတည်ပြုတဲ့လူတွေနော်"

လေမင်းသား ။ ။ "တဲဖျက်တာ ဘာဟုတ်သေးတုန်းဗျ။ လူကြီးလမ်းကြောင်းရှိရင် လမ်းဘေးဈေးသည်တွေ ဈေးဗန်းမခင်းရ၊ ဆိုက်ကားသမားတွေ ဆိုက်ကားမနင်းရ၊ ယုတ်စွအဆုံး လယ်သမားတွေဆီကနေ စစ်တပ်က သေနတ်တွေနဲ့ချိန်ပြီး လယ်ယာမြေတွေ သိမ်းနေတာ၊ ဘူဒိုဇာနဲ့ ထိုးနေတာ အခုထက်ထိ မပြင်ချင်မကြားချင်အဆုံး"

ဖေကြည် ။ ။ "မင်းတရားကြီးရယ်၊ လှူမယ့်ပစ္စည်းစာရင်းမှာ ဘူဒိုဇာတွေကတော့ မပါပါစေနဲ့နော်"

ဘုရင်မင်းမြတ်မှာ တပည့်ကျော်တို့ပြောသမျှ ပြုံးရွှင်ရယ်မောလျက် စိတ်ရှည်လက်ရှည် ကရုဏာတော်ဖြင့် နားတော်ညောင်းရှာ၏ ။ သို့လျှင် နှစ်ရက်တာကာလကုန်ဆုံးကာ ဘုရင်မင်းမြတ် ပြည်တော်ပြန်မည့်နေ့ နံနက်ခင်းအချိန်သို့ တိုင်ခဲ့လေတော့သည်။

ဖူးခက်ရှိ မြန်မာတို့၏ အခြေအနေမှန်ကို ဘုရင်မင်းမြတ် မသိစေလိုသည့် ကျွန်ုပ်၏ ရည်ရွယ်ချက် ပြည့်ဝခဲ့လေပြီတကား။

သို့သော်…။

*****

ငါး

နံနက် ခုနစ်နာရီခန့် အချိန်ဖြစ်၏ ။ ပြည်တော်ပြန်မည့် ဘုရင်မင်းမြတ်နှင့် အဖွဲ့အား တင်ဆောင်လျက် ကျွန်ုပ်ကိုယ်တိုင် ပုံမှန်အရှိန်ဖြင့် မောင်းနှင်လာသည့် ကားသည် ပါတောင်ကမ်းခြေမှ ဖူးခက်လေဆိပ်သို့သွားရာလမ်း ထလန်လမ်းဆုံးမီးပွိုင့်သို့ အရောက်တွင် မီးနီနေသဖြင့် ခေတ္တမျှ စောင့်ဆိုင်းရပ်နားနေရ၏ ။

ထိုစဉ် ရှေ့နောက်ဘေးဘယ်ညာ အရပ်မျိုးစုံမှ ကမ္ဘာပျက်သကဲ့သို့ ဆူညံသောအသံများ ရုတ်တရက်ထွက်ပေါ်လာလေရာ ယင်းအသံတို့မှာ အလုပ်ခွင်သို့ ဆင်းကြမည့် မြန်မာအလုပ်သမားတို့ကို ငါးပိငါးချဉ်သိပ် တင်ဆောင်လာသည့် လုပ်ငန်းခွင်သုံး မြေသယ်ကားကြီး ဆယ်စီးခန့်ဆီမှ ဖြစ်လေသည်။

"ဗျို့ ဆြာဒင်၊ ဆိုင်မှာ ယုဇနလက်ဖက် ရောက်ပြီလားဗျ"

"မြွေနှစ်ကောင် သုံးပုလင်းလောက် ပို့ခိုင်းပါဦး"

"စားတော်ပဲ နှစ်ကီလို မေ့မနေနဲ့နော် ဦးဒင်"

"ကိုဒင်ကြီး၊ ဘောလုံးဂျာနယ် ရောက်ပြီလားဗျ"

"ဦးလေး၊ မောရိယမန်းဆေး မှာထားတာ မေ့မနေနဲ့ဦးနော်"

ကျွန်ုပ် ဖွင့်လှစ်ထားသော မြန်မာကုန်စုံဆိုင်မှာ ဖောက်သည်တို့ပေတည်း။ အဆိုပါကားများနှင့် တင်ဆောင်လာသည့် လူဦးရေပမာဏမှာ မဆံ့မပြဲ ဖြစ်လွန်းလှသဖြင့် ဝက်သတ်ရုံမှ ဝက်တင်ကားများကို မြင်ရသကဲ့သို့ စိတ်မသက်မသာဖွယ် ဖြစ်၏ ။ ကျွန်ုပ်၏ အရှက်ကား ဟက်တက်ကွဲခဲ့လေပြီတကား ရှက်နိုးလှသည်ဖြစ်၍ လက်ကို အသာကာပြရင်း ၎င်းတို့အား ဝတ်ကျေတန်းကျေသာ တုံ့ပြန်လိုက်မိသည်ကို အကင်းပါးလှသော နော်ဂေဘုရင်မင်းမြတ်သည် ရုတ်ချည်းရိပ်စားမိဟန် ရှိ၏ ။

ဘုရင်မင်းမြတ် ။ ။ "မစ္စတာဒင် ကြည့်ရတာ ရှက်နေပုံရတယ်၊ ဒါဟာ ရှက်စရာမဟုတ်ဘူးကွဲ့၊ ဒီဖူးခက်မှာ မြန်မာတွေ ဘယ်လောက်ရှိသတုန်း"

ကျွန်ုပ်။ ။ "ဟုတ်၊ ဟုတ်ကဲ့၊ သိန်းချီရှိပါတယ်ခင်ဗျာ၊ နှစ်သိန်းပျော့ပျော့ ဆိုပါတော့"

ဘုရင်မင်းမြတ် ။ ။ "အမယ်မင်း၊ ဒီမြို့ကလေးတစ်မြို့တည်းမှာ များလှချည်လား၊ အင်း ဘဂတွေ ဘဂတွေ"

ဘုရင်မင်းမြတ်ကား စိတ်နှလုံး ပြင်းစွာ ညှိုးချုံးတော်မူဟန် ရှိ၏ ။ ထို့နောက် ထလန်မီးပွိုင့်မှ သုံးကီလိုမျှအလွန်တွင် ဘုရင်ကြီးသည် ရုတ်တရက် ထိတ်ထိတ်ပျာပျာ အသံဖြင့် `ရပ်' `ရပ်' ဟူ၍ ငယ်သံပါအောင် အော်တော်မူပြန်ရာ ကျွန်ုပ်လည်း ကားကို ချက်ချင်း အရှိန်လျှော့၍ လမ်းဘေးသို့ ထိုးရပ်ရပြန်သည်။ မင်းမြတ်သည် လမ်းဘေးရှိ ဧရာမမြေကွက်လယ်ကွင်းပြင်ကြီးထဲမှ မြေညှိနေသည့် ဘူဒိုဇာသုံးစီးခန့်နှင့် မဒမတိုင်သွပ်မိုး ယာယီအဆောက်အဦတို့ကို လက်ညှိုးညွှန်လျက် စိုးရိမ်တကြီး အမေးတော်ရှိပြန်သည်။

"ဂေါဝန်ဆိပ်ကမ်းမြင်ကွင်းပါကလား မစ္စတာဒင်"

"မတူပါခင်ဗျာ၊ ဘူဒိုဇာဖြင့် မြေညှိနေခြင်းမှာ အဆောက်အဦအသစ် ဆောက်လုပ်ရန်ဖြစ်၍ ယာယီတဲတို့မှာ မြန်မာအလုပ်သမားတို့ စံမြန်းရန် ဖြစ်ပါသည်ခင်ဗျ။ ထိုင်းနိုင်ငံတွင် တဲကို ဘူဒိုဇာနှင့်ထိုးကော်သောဓလေ့ မရှိပါခင်ဗျား"

ဘုရင်မင်းမြတ်ကား ရင်ကိုဖိလျက် သက်ပြင်းလေးပင်စွာ ချတော်မူသည်။

ဤသို့ဖြင့် ဖူးခက်လေဆိပ်သို့ ရောက်ရှိပြီး လေယာဉ်ပေါ်သို့ မတက်မီ ကျွန်ုပ်မှ ဟာဒက်ဗရာ ဗီးဆက် (ခွဲကြဦးစို့၊ နှုတ်ဆက်ပါတယ်) ဟူ၍ စကားဆိုချိန်တွင် ဘုရင်မင်းမြတ်သည် နော်ဝေဘာသာစကားဖြင့် အောက်ပါစကားတစ်ခွန်းကို အေးဆေးတည်ငြိမ်စွာ နှစ်ကြိမ်တိုင်တိုင် မိန့်မြွက်ခဲ့လေသည်။

"ဖော်ဆိဒါတီဂယ် ဗစ်ဒီးဖို့ဆက်တား အိုး စတီးရယ် လောန့်ဒက် အုတိုဗာ ထူးထူးဆင်းအို့ ဖမ်သမ်ဒါ အိုးထောလာ စကောလ် ဗီး ဘလီ မိုးခ်တ် အဖ် ဘူဒိုဇာ"

အဆိုပါစကား၏ အနက်အဓိပ္ပါယ်ကို ကျွန်ုပ်၏ တပည့်များနည်းတူ


စာရှုသူတို့လည်း သိလိုကြပေလိမ့်မည်။ ယင်းနော်ဝေစကားမှတ်ချက်အား ကျွန်ုပ်လေ့လာတတ်ကျွမ်းနားလည်သမျှ မြန်မာဘာသာသို့ ပြန်ဆိုရသည်ရှိသော် အောက်ပါအတိုင်း ဖြစ်၏ ။

"မောင်ရင်တို့နိုင်ငံဟာ ၂၀၁၅ မှာ ဒီပုံအတိုင်း ဆက်သွားရင်တော့ တစ်ပြည်လုံး ဘူဒိုဇာနဲ့ ထပ်အနင်းခံရသလို ဖြစ်နေဦးတော့မှာပါပဲ"

၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်

ဆဲဗင်းဒေး နေ့စဉ်သတင်းစာ

# ကျွန်ုပ်၏ Facebook ဒိုင်ယာရီ




## တစ်

မျက်စိနှစ်လုံး ဖျတ်ခနဲပွင့်ကာ နိုးထလာချိန်၌ အင်းခနဲ အညောင်းပြေ အကျောဆန့်လိုက်ရင်း အိပ်ခန်းပြတင်းပေါက်ကို အသာဟ၍ ကြည့်လတ်သော် ဝန်းကျင်ပြင်ပတွင် မိုးသောက်ရောင်နီကို မမြင်ရသေးချေ။ ည၏ အကြွင်းအကျန် အမှောင်ထုသည် လောကဓာတ်တစ်ခွင်မှ လုံးလုံးလျားလျား မဆုတ်ခွာသေးသော်ငြား အလင်းရောင်အားပျော့လျက် ရှိပြီဖြစ်၍

ခြောက်နာရီမတ်တင်းခန့်ဟု ခန့်မှန်းရပေ၏။ ကြည်နူးဖွယ်ကောင်းလှသည့် ဆောင်းနံနက်ခင်းပေကား။ Facebook တက်ခြင်းဟူသော ပြုမြဲအလုပ်ကို ချက်ချင်း သတိရမိ၏။ လွန်ခဲ့သောညဉ့်ဦးယံက ကျွန်ုပ်တင်ခဲ့သော နောက်ဆုံး Status ၏ အခြေအနေကို သိလိုလှသဖြင့် မျက်နှာသစ်ခြင်းအမှုအား ခေတ္တခဏ မေ့ထားကာ ကွန်ပျူတာကို အဆောတလျင် ဖွင့်လိုက်ရသည်။

Like နှစ်ရာကျော် တက်နေပေပြီ။ ကောင်းလေစွ။ မည်သူတို့သည် မည်သည့် Comment တို့ကို ပြုထားပါလေသနည်း။ "ကြိုက်သွားပြီ"၊ "အရမ်းအရမ်းကို မှန်တယ်ဗျာ"၊ "ရှယ်ပြီဆရာရေ့"၊ "ဒါမျိုးတေလေးတွေ ဆက်တင်ပေးပါနော်"၊ လက်ခံနှစ်ခြိုက်ကြသူများ၏။ တော်ပါသေး၏။ Share ထားသည့်အရေအတွက်လည်း မနည်းလှ။ ကျေနပ်ဖွယ်ရှိချေသည်။

ကမ္ဘာ့အရေး မြန်မာ့အရေးအပါအဝင် ခေတ်၏ ကြေးမုံပြင်ကို ပီပြင်စွာ သိရှိနိုင်ရန် အလို့ငှာ အခြားသူတို့၏ သဘောထားတင်ပြချက် (Post) တို့ကို ဖတ်ရှုရပေဦးမည်။ အလိုဓာတ်ဆြာလေး မောင်မင်းသိုက်ပေကား။ စောစောစီးစီး ဘာတဲ့။

"လွန်ခဲ့သော ၂၅ နှစ်က ဒီအချိန်မှာ ကျွန်တော် ကရင်ခပဲခြံထဲ ရောက်နေပြီ။ ကျူရှင်သွားမယ့် ကောင်မလေးတစ်ယောက် ဖြားယောင်းသွေးဆောင် အလစ်သုတ်ပြေးတာ။ ထိုစဉ်အချိန်က ကျွန်တော့်ဘဂ ဗီဒီယိုအယ်ဒီတာပေါက်စ ဖြစ်နေလင်ကစား"

တော်ပြီ။ ဆက်ဖက်စရာမလိုတော့။ အိမ်ထောင်သက် အစိတ်ကျော်ကာမှ အချစ်နာလန်ထနေသည်။ သို့သော် မိတ်ဝတ်မပျက် Like တော့ပေးမှ တော်ကာကျမည်။ ဖေ့စ်ဘွတ်သည် အလျားအနံ မရှိသော်ငြား Like ဆိုသည့်အရာကတော့ အသွားအပြန်ရှိသည်မှာ မုချဧကန် မှန်ချေသည်မဟုတ်တုံလော။

*****

နှစ်

ဟော၊ ဆိုးပေခေါ် ဇေယျာစိုပြေတစ်ယောက် ဘာတွေပေါက်ပေါက်ရှာရှာ ရေးထားပြန်ပါလိမ့်။ ဤသူငယ်သည် နဂိုကမှ အရွတ်အနောက်သန်သူ။ ကားအက်ဆီးဒင့်ဖြစ်၍ ခြေကျိုးနေလျက်မှာပင် တဟီးဟီး တဟားဟား အွန်လိုင်းတွင် ဟီလာတိုက်နေခဲ့သည့် ငချွတ်။

"အဖေစောင့် ဥပဒေထွက်လာရင် ရှင့်ကို ကျွန်မ လာယူပြမယ်"၊ မာမီစန်းက (Zay Ya Sopyay) ကို ကြိမ်းသွားတဲ့စကားပေ့ါ။ မောင်စိုပြေရေ ဘောင်းဘီထူထူဝတ်၊ ခါးတောင်းနာနာကျိုက်ပြီ ရန်ကုန်တစ်ခွင် ပြေပြေစင်အောင် ပတ်ကာပြေးတော့ပေ့" တဲ့။

နပုံးပဏ္ဍုတ်များ သူ့ကို အလွန်ချစ်မြတ်နိုးသည်ဟု ဆိုလိုချင်ဟန်ရှိသည်။ ကျွန်ုပ် ငယ်စဉ်ကလည်း နပုံးပဏ္ဍုတ်တို့ ဝိုင်းဝိုင်းလည်တာ ခံခဲ့ရဖူးသည်။ စိတ်မပါ၍သာ သင်းတို့အလိုကို မလိုက်နိုင်ခဲ့ခြင်းဖြစ်၏ ။ ထူးလျက်နှင့် မဆန်းသည့်ကိစ္စ ထားလိုက်တော့။ သို့သော် Like ပေးရန်ကား မမေ့။

ဤသို့ Like ခြင်း၊ Comment (မှတ်ချက်ပြုခြင်း)၊ Share (ဖြန့်ဝေခြင်း) တို့ဖြင့် နှစ်နာရီကျော်မျှကြာသော် မြီးညှောင့်ရိုး အထက်နားဆီမှ အနည်းငယ်နာလသည်။ ဩ၊ နံနက်စာ မစားရသေးလေ။ တူတော်မောင်ပြင်ဆင်ထားခဲ့သော ပဲပြုတ်ဆီဆမ်း ထမင်းကြမ်းကို ကမန်းကတန်း လွေးရသည်။ မျက်နှာသစ်ရန် မေ့နေပြီကော။ တစ်ရက်တစ်လေ မျက်နှာမသစ်ခြင်းသည် ရေးကြီးခွင်ကျယ်ကိစ္စရပ်တော့ မဟုတ်။ ရှိစေတော့။

ကျွန်ုပ်သည် အသက်အရွယ်အားဖြင့် အတန်ငယ်ကြီးရင့်ပြီကား မှန်ပါ၏ ။ သို့သော် ခေတ်ကြီးကို ရင်ပေါင်တန်းလိုသည့်စိတ်ကား အလျဉ်းအကင်း မသေသေးချေ။ ဖေ့စ်ဘွတ်သည် မျက်မှောက်ကာလ အဖြစ်သနစ်တို့ကို ဖော်ပြသည့်

ဆေးရောင်စုံမြင်ကွင်းကျယ် ရှုမငြီးသည့် ပိတ်ကားကြီးဖြစ်လေရာ ယင်းနှင့်ကင်းကွာလျှင် လူညွှန့်တုံးရာ ကျပေရော့မည်။ အနည်းငယ် မာစပြုနေသော ပဲပြုတ်ထမင်းကို အားစိုက်ဝါးနေရချိန်တွင် ကွန်ပျူတာဆီမှ တုံ့ခနဲမြည်သံ ကြားလိုက်ရသည်။

Notification အသစ်လော၊ Chat ဘောက်မှနေ၍ တစ်စုံတစ်ယောက် ဆက်သွယ်လေသလော။ နောက်ဆုံးထမင်းလုတ်ကို ဝါးနေဆဲမှာပင် ကွန်ပျူတာရှေ့သို့ ရောက်ရပြန်၏ ။ ခြသေ့်ကျွန်းရောက် နတ်မောက်တစ်နယ်တည်းသား းစက္ကောမကျောင်းဆင်းလေး ရုံးတောဖိုးစီ၏ ရင်တွင်းစကားကို Chat ဘောက်မှာ အဆင်သင့် တွေ့ရပြန်သည်။

"ရွာပြန်ချင်တယ်ဗျာ။ အမေပြန်တာကို လိုက်ပို့ချင်တယ်၊ နောက်ဆုံးအချိန်ရောက်နေတဲ့ ဆရာသမားကို သွားကန်တော့ချင်တယ်၊ ဇာတိမြေမှာကျင်းပမယ့် ဗိုလ်ချုပ်နှစ်(၁ဝဝ)ပြည့်ပွဲလည်း ဖိုးသန့်လေးကို ပြချင်တယ်။ ခွင့်တင်တာ ဘော့စ်နဲ့ အတိုက်အခံဖြစ်ရတော့တယ်။ အလုပ်သမားတစ်ယောက် လချီပြီး မရှိဘဲဖြစ်ရင် တစ်သက်လုံး မရှိလည်း ဖြစ်သတဲ့"

*****

သုံး

ရော။ ခက်ကပြီ။ နှစ်နှစ်တစ်ခေါက်ပြန်နေနိုင်သူက ဆယ်နှစ်လုံးလုံး တစ်ခေါက်တစ်ကျင်းမှ ပြန်မရောက်နိုင်သူကို ငိုချင်လျက်လက်တို့ လုပ်နေပြန်ချေပြီ။ နတ်မောက်သွေး နည်းလှချေသည်။ "ကိုရင့်လိုလူစား အများကြီးဟေ့" ဟု ချက်ချင်းတုံ့ပြန်ချင်စိတ်ကို ထိန်း၍ "ပျော်ရာမှာမနေရ တော်ရာမှာ နေရ၊ ဒီဘဝဒီအဖြစ်မျိုးသည် လူတိုင်းကြုံဖူးကြလိမ့်မည်" ဟုသာ သန်းထွန်းလေး၏ မမေ့သောအညာ သီချင်းအပိုင်းအစ Comment ဖြင့် ဖြေသိမ့်လိုက်ရသည်။

သူခံစားချက်ကို Like ပေးဦးမှ ဝတ္တရားကျေပေလိမ့်မည်။ အင်း၊ ဘာပဲဖြစ်ဖြစ်၊ သူ့ Wall ပေါ် သွားကြည့်ဦးမှ။

သူ တင်ထားသော Post အချို့ကိုလည်း တစ်လက်စတည်း Like ရပြန်သည်။ အလိုလေး၊ မောင်ဖိုးစီ၏ Status တစ်ခုကို မင်းမင်းဦးအမည်ရှိ သူ့မိတ်ဆွေတစ်ဦး၏ မှတ်ချက်ကို ဖတ်ရင်း မျက်လုံးပြူးရသည်။

"မယက ဥက္ကဋ္ဌတစ်ယောက်ပြေတာ နားနဲ့ဆတ်ဆတ် ကြားဖူးတယ်ဗျ။ DSA ဆင်းတစ်ယောက်ကို ဝန်ကြီးချုပ်လုပ်တတ်အောင်အထိ သင်ပေးလိုက်တာတဲ့ဗျ။ လုပ်ပုံ လုပ်ပုံ။ အဲလို နားထင်သွေးရောက်တွေ တိုင်းပြည်ကို ချယ်လှယ်နေတော့ မမွဲခံနိုင်မလားဗျာ။ ခုနကပြောတဲ့ မယက က ပုဆိုးဝတ်နော် ၁၉၉၈ လောက်တုန်းက" ဆိုပါကလား။

သူပြောတာ ဟုတ်လောက်သည်။ အံ့သြစိတ်ဖြင့်ပင် Like ပေးခဲ့မိ၏ ။ သူတစ်ပါး၏ Wall ပေါ်တွင် နတ်ကရာကျိုးမောနေ၍ မဖြစ်သေး။ ကိုယ်ပိုင် Status တင်ဦးမှ ဖြစ်မည်။ Facebook ပေါ်တွင် ဖတ်ရှုမိသမျှ အကြောင်းအရာတို့ကား စုံလင်လှသည်။ အားလုံးကို ခြုံငုံမိသော Status ဖြစ်မှသာ တော်ကာကျပေမည်။ လူအများသည်းခြေကြိုက်လည်း ဖြစ်ရမည်။ ဟုတ်ကပြီ။ ဒီမိုကရေစီအရေး တော်လှန်ရေးဆိုလျှင်ဖြင့် အားလုံးကို လွှမ်းခြုံသည့်သဘော ရှိသည်။ ဦးနှောက်အဘကိုအကြားက ဉာဏ်စွမ်းကို အကုန်ထုတ်လျက် ပြောင်မြောက်သော Status တစ်ခုကို ရေးတင်လိုက်ရသည်။

"ရဲဘော်တို့၊ တော်လှန်ရေးရေချိန် မြင့်တက်လာနေပြီ။ ပြုပြင်ပြောင်းလဲရေးကို ဦးတည်ကြ၊ အားလုံးပြင်ရန် အချိန်ရောက်ပြီ၊ ဒီမိုကရေစီအရေးတော်ပုံ အောင်ရမည်"။

*****

လေး

Like တွေ ချက်ချင်းဆိုသလို တဖျတ်ဖျတ် တက်လာပြီ။ အချို့ကား စာကိုမဖတ်ဘဲ စွတ်လိုက်နေကြဟန် တူသည်။ နောက်ဆက်တွဲအဖြစ် Comment တွေ တစ်ပြုံတစ်မကြီး တက်လာ၏ ။ "ပြင်ကိုပြင်ရမှာပေ့ါ"၊ "ပြင်သင့်တာ ကြာပြီ" "နောက်တောင်ကျနေပါပြီ" "ပြင်မှာတော့ ဟုတ်ပါပြီ၊ ဒါပေမယ့်"။ ထင်မြင်ချက်တို့ မျိုးစုံလှသည်။ သို့သော် တစ်ခုသော Comment မှာ ရိသ့ဲသ့ဲလေသံပါနေ၏ ။ "သူများကိုပြင်ပါလို့ စွတ်ခိုင်းနေတဲ့ခင်ဗျားကိုယ်တိုင်ကော ဘာတွေ ပြင်ပြီးပြီလဲ" တဲ့။

"တောက်၊ မလောက်လေး မလောက်စားလောက်က လူပါးဝလို့" ထောင်းခနဲ ထွက်လာသော ဒေါသကို သတိသမ္ပဇဉ်ဖြင့် ထိန်းလိုက်ရသည်။ ငါသည် လူကြီး၊ သည်းခံ နိဗ္ဗာန်ရောက်၊ အဲ၊ ဒေါသကြီးတာ လူသိကုန်ပေလိမ့်မည်။

တုံခနဲ အသံနှင့်အတူ ဖူးခက်မှ ဟိုတယ်မန်နေဂျာလေးဆီက စတေးတပ်တစ်ခု Tag လာပြန်သည်။ ဘာများပါလိမ့်။

(၄)ကွ။ ဟာ (၄) ဆို နည်းတာပေ့ါ၊ ဒီလိုလုပ် (၁၂) ကောင်းတယ်၊ ဟင် (၁၂) ဆိုပြီး ခုကျတော့ (၁၄)ပါလား။ ထားလိုက်ပါကွာ ဟိုကောင်တွေက အနားကပ်ပြီးမှ မဖိတ်ဘဲ ဇွတ်တက်လာတာ။ ဟား...၊ (၆) အကောင်းဆုံးပဲ။ မင်းတို့က ဘာကဖျက်ယဖျက် လုပ်တာလဲ၊ (၁၄)) လို့ပြောထားပြီးပြီ။ တစ်ခါတောင် လုပ်ပြီးပြီ၊ ဘာထဂလန့်လုပ်တာလဲ၊ (၁၂) ဖြစ်သင့်ပါတယ်၊ လာပြန်ပြီ (၁၂)။ တော်ပြီကွာ ဒီအပွင့်ပြဿနာ ပြီးမှာ မဟုတ်တော့ဘူး။

ဒါပေ့ါ ဒါပေ့ါ။ ဒါ အမှန်ပဲလေ။ လိုက်ခ်ကို လိုက်ခ်ရပေမည်။

လာပြန်ပြီတစ်ယောက်။ ဘာတဲ့ "ဟိုလူကြီး ဟိုဟာဖြစ်နေလို့ ဟုတ်လာ၊ သေချာတယ်ဆိုရင် လက်တို့လိုက်ကြဦးနော်၊ တရားလာမဟောနဲ့ အကုန်သိတယ်၊ ငရဲအကြီးခံပြီးတော့ကို ပျော်ဦးမှာ၊ ပျော်လိုက်ဦးမှာ၊ ပူပူနွေးနွေး"

သူပြောတဲ့ ဟိုလူကြီးဆိုတာ ဘယ်သူပါလိမ့်။ အင်း၊

တရားမချပါနဲ့လို့တောင် တားရတဲ့အထိဆိုတော့ ဟုတ်သားပဲ။ သိပြီ၊ သိပြီ။ သူပဲဖြစ်ရမယ်။ ဒင်း မိုက်ဇာတ်သမ်းလို့ကတော့ တစ်နိုင်ငံလုံး ပျော်လိုက်ကြမယ့်ဖြစ်ခြင်း၊ Like, Like, Like, စူပါ Like။

ဤသို့လျှင် တင်လာသမျှ Status နှင့် Comment ပေါင်း သောင်းခြောက်ထောင်ကို ဖတ်ရှုမှုက Chat ဘောက်မှ တတုံတုံ အသံပေးရင်းတက်လာသော ဗာဟီရတို့ဖြင့် နပန်းလုံးရင်း နေ့လယ်ခင်းချိန် တိုင်ခဲ့ချေ၏ ။ ဟာနေသောဂမ်းက တကျူတ်ကျူတ် အသံပေးနေလေပြီ။ ကိုမောင်မောင်သန်း၏ Facebook စာမျက်နှာမှ မြန်မာ့ခလေ့တေးသံ နောက်ခံသီချင်းတစ်ပုဒ်ကို ဖွင့်၍ နားအရသာခံရင်း နေ့လယ်စာကို ပြီးစေရပြန်သည်။

*****

ငါး

ထောက်လာသော အသက်အရွယ်အရ အာရောဂျံ ပရမံ လာဘံ ဟူသော စကားနှင့်အညီ နေ့လယ်ခင်း တစ်ရေးတစ်မော အိပ်စက်ရန် မုချလိုအပ်သည် မဟုတ်ချေလော။ အသက်ကို ဉာဏ်စောင့်သည်လေ။ အိပ်ရာထက်တွင် လဲလျောင်းရင်း မှေးခနဲရှိတာမှ တုံသံကြောင့် စိတ်မဖြောင့်။ အရေးတကြီး Message ဖြစ်နေလျှင် ခက်ချိမ့်မည်။ အသူပေနည်း။

"မောင်လေး"

ဟိုက်ရှားလဘတ်၊ မောင်လေးဆိုပါကလား။ ချက်ချင်းရှင်းရန် အခွင့်မသာပေ။

"ဟုတ်ကဲ့"

"မောင်လေးက အရေးတော်ပုံတပ်သားလားဟင်"

"မပဟုတ်ရပါဘူးခင်ဗျာ။ ကျွန်တော်က ဘယ်အရေးတော်ပုံမှာမှ မပါခဲ့ပါဘူး။ ဖူးခက်က ကာဗူလီဝါးလားပါခင်ဗျ"

"လူမှားလို့နော် မောင်လေး စိတ်မရှိနဲ့နော်"

အရေးထဲ၊ လူအိုရုံက ဘွားတော် သူငယ်ပြန်ကာ ကျွန်ုပ်ကို မောင်လေးချင်း ထပ်နေပြန်သည်။ ရှိစေတော့။ ထိုခဏ၌ ပင် ထူးဆန်းသော Status တစ်ခုကို ဓာတ်ပုံဖိုင်တစ်ခုဖြင့် တွဲတင်ထားရာ အလန့်တကြား ဖတ်မိပြန်သည်။

"မိတ္ထီလာဘုန်းကြီးကျောင်းမှာ ဂြိုဟ်သားတွေတွေ့ ဆိုပါကလား"

တော်တော့။ ဆင်ခြင်တုံတရား ခေါင်းပါးသူများ မြန်မြန်ရူးစေမည့် Facebook ။ အချို့အချို့သော Facebook စားတော်ကဲများ၏ မစားရဝခမန်း ဟင်းလျာမျိုးစုံတို့ကိုကား ရွှေပြည်ဌာနေပေးနေသူပီပီ စိတ်နာလွန်း၍ မ Like ။ ဘာသာရေးအငြင်းပွားဖွယ် Status တို့ကို ပေးပေးမှရှောင်ကြဉ်၏ ။ မှားမှန်းသိလျက် ဖွတ်လော်ဘီလုပ်ကြသော ဖွတ်အုပ်စုတို့အား ချက်ချင်း Block ပစ်ချင်စိတ်ကို အတန်တန်ချိုးနှိမ်ရသည်။ မရိုင်းစိုင်းလျှင် ရှိစေ။ သဘောထားဟူသည် မတူကွဲပြားကြရိုး ဓမ္မတာတည်း။ ကိုယ်တိုင်ရိုက် (Selfies) ပုံများကို ရိုက်တင်လျှင် ကောင်းလေမည်လေ။ မဖြစ်ချေသေး။ အရွယ်မကျသေးသော်ငြား အမြင်မတင့်တယ်ချေ။

ကြောင်စာသာသာမျှညစာကို ကျွန်ပျူတာရှေ့မှာပင် Facebook ဖွင့်ရင်း သုံးဆောင်ပြီးသကာလ အိပ်ခါနီး သတင်းထူးလေးတက်လာရင် အခက်ဟူသော သောကဖြင့် ဆက်ထိုင်သည်၏ နောက် ညဆယ့်နှစ်နာရီတိုင်ခဲ့ချေပြီ။ ဖေ့စ်ဘွတ်သည် တွယ်တာဖွယ်ကောင်းလှ၏ ။ အားရရွှင်လန်း ပီတိလွှမ်းစေသော အရာ ဖြစ်၏ ။ ရယ်ရွှင်အားရ ထောပဏာသည်တို့ကို မြင်ရသည်။ ဆဲသံဆိုသံတို့ကြားမှ ခန္တီပါရမီကို ဖြည့်ဆည်းနိုင်သည်။ ခါးထဲ့ ထိုးအောင့်လာ၏ ။ ဇက်ကြောတက်ပါ တက်လာပြန်သည်။ ကျည်းပေါင်းတက်လေသလော။ မကြာခဏ

အုန်းလွဲချင်သလို ဖြစ်သည်။ တစ်ရက်ရက်တော့ ဆေးခန်းပြရဦးမည် နားလေဦးမှ။ သို့သော် လက်လျှော့၍ မဖြစ်ချေသေး။ မအိပ်စက်မီ တိုင်းပြည်အတွက် အသက်သွေးကြောတမျှ အရေးကြီးလှသော အကြောင်းအရာဖြစ်သည့် နောက်ဆုံးစတေးတပ်ကို ရေးတင်လိုက်သည်။

"ရဲရဲတောက်တော်လှန်ကြ၊ တော်လှန်ရေး အဓွန့်ရှည်ပါစေ၊ အရေးတော်ပုံ အောင်ရမည်၊ ဂွတ်နိုက်အော"

အိပ်ရာထဲဝင်၍ မျက်စိကိုမှိတ်သော် ကျွန်ုပ်၏ အာရုံတွင် Like များစွာကို မြင်ယောင်နေလေသည်။

၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်

ရောဂတီ အပတ်စဉ်ဂျာနယ်

# ဂျွန်ကယ်ရီ၊ ဆြာဒင်၊ သမ္မတကြီးနှင့် စိန်ခေါ်သံ




တစ်

ပင်လယ်ကမ်းခြေတွင် မေးတင်တည်ရှိနေသည့် ဖူးခက်မြို့ နိုင်ငံတကာလေဆိပ်၏ ထက်ဂဗ္ဘာကောင်းကင်ယံတခိုတွင် မိုးသားတိမ်လိပ်တို့ ကင်းစင်၍ သာယာလှသော ရာသီဥတုဖြစ်လင့်ကစား အနောက်တိုင်းဝတ်စုံ အပြည့်ဖြင့် သပ်ရပ်ခန့်ညားစွာ လေဆိပ်အထူးဧည့်ကြိုခန်းမတွင်းသို့ ရောက်ရှိနေသော ဆြာဒင်အဖို့ ခန္ဓာကိုယ်တစ်ခုလုံးကို ပုရွက်ဆိတ်တက်သလို ရှစိရှစိ ခံစားနေရ၏။

အရေးကြီးပုဂ္ဂိုလ်တို့ကို ကြိုဆိုရန်ဖြစ်၍ ထိုင်းအထူးရဲထောက်လှမ်းရေး များစွာတို့သည်လည်း ဆြာဒင့်လုံခြုံရေးအလို့ငှာ ခြေချင်းလိမ်လျက် ထုပ်စည်းထိုးသကဲ့သို့ ရှိနေကြလေရာ ဆြာဒင်တစ်ယောက် နေရထိုင်ရသည်မှာ ခွတီးခွကျ ရှိနေချိန်ဖြစ်လာ၏။ ဆြာဒင့်နံဘေးတွင် ကုတ်ချောင်းချောင်း

စတိုင်ကိုယ်စီဖြင့် ဆြာလောက်နီးနီး ရှိုးထုတ်ထားကြသော တပည့်ကျော်တို့သည်လည်း ဟိတ်ဟန်သိက္ခာ သမာဓိအပြည့်ဖြင့် မနေတတ်ကြရှာလေသောကြောင့် မျက်နှာပိုးမသေကြဘဲ တီးတိုးတီးတိုး သဖန်းပိုးလုပ်နေကြပြန်၏ ။

"ခုလို ယူရိုပီယံဂိုက်နဲ့ဆိုတော့ ဆြာဒင်က ဟောလိဝုဒ်ဓာတ်ရှင်မင်းသားနဲ့ နင်လား ငါလားပါကလား၊ ခန့်ချက်ကတော့ဗျာ"

"ဆြာဒင်က ခုလိုတည်တည်ကြီးနေတော့ လူရှိန်တာ အမှန်ပဲဗျ။ တစ်ခါတစ်ခါ ဗလွတ်ရွတ်က ပြောတတ်တာကတော့ ခွြင်းချက်ပေ့ါ ဆြာ"

"ငတို့ဆြာ၊ ဥပမိရုပ်ကလည်း ဆိုဖွယ်ရာမရှိပါကလား၊ ဖျတ်ခနဲကြည့်ရင် ကွမ်းယာဆိုင်ပိုင်ရှင်လို့ ဘယ်သူမှ မထင်လောက်ဘူး"

ဣန္ဒြေသမ္ပတ္တိဖြင့် နေရမည့်အချိန်လည်း ဖြစ်၊ ဟုတ်မှန်သော အချက်များကိုလည်း ခွန်းတုံ့ပြန်ရန် မလိုသည့်အလျောက် ဆြာဒင် ခပ်မဆိတ် နေလိုက်ချိန်တွင် လေယာဉ်တစ်စီး ထိုးဆိုက်လာသံကို ကြားလိုက်ရပြီး ထိုင်းဗိုလ်မှူးကြီးတစ်ယောက် ဦးဆောင်လျက် ဧည့်ခန်းတွင်းသို့ ဝင်ရောက်လာသော အထူးဧည့်သည်တော်များကို ဆြာဒင်ခမျာ ဆတ်ခနဲ မတ်တတ်ရပ်ရင်း ပျာပျာသလ ပဋိသန္ထာရစကားဆိုလျက် ကြိုဆိုလိုက်ရသည်။ ဆြာဒင် ရှိရာသို့ ပါးစပ်နှင့်နားရွက် တက်ချိတ်မတတ် ပြုံးရွှင်သော မျက်နှာပေးကိုယ်စီနှင့် ရောက်ရှိလာကြသူများမှာ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီနှင့် ယင်း၏ လက်ထောက်တစ်ဦး၊ ဆြာဒင်တို့သမ္မတကြီးနှင့် အသစ်စက်စက် ပြန်ကြားရေးဝန်မင်းတို့ ဖြစ်ကြချေ၏ ။

"ဟေး ကယ်ရီ ဟောင်းအာယူ၊ နေကောင်းတယ်နော်၊ အိုင်ဂလပ်တူဆီးယူ၊ တွေ့ရတာ ဂမ်းသာချက်"

"လေးစားပါတယ် သမ္မတကြီးခင်ဗျာ မာရဲ့နော်"

"ဟား၊ ဝန်ကြီးက အပြင်မှာလည်း လူချောလူခန့်ပါပဲကလား၊

ရာထူးတိုးသွားတာ ဂုဏ်ယူပါတယ် ဝန်ကြီးခင်ဗျာ"

"ဟိုင်း၊ မစ္စတာ၊ အိုင်အမ်ဆြာဒင်"

*****

နှစ်

ဤသို့လျှင် ဆြာဒင်တစ်ယောက် ခါးကိုသွင်သွင်ကျိုးမတတ် ဦးညွှတ်ရင်း ပါးစပ်မှ အမြှုပ်တစီစီထွက်လောက်အောင် အလုပ်များရခြင်း၏ အကြောင်းရင်းကား ဆြာဒင်၏ ခင်မင်ရင်းနှီးလှသော မိတ်ဆွေ၊ အမေရိကန်သမ္မတကလေး အိုဘားမားထံမှ အရေးတကြီး ပေးပို့လာသည့် အောက်ပါအီးမေးလ်စာတစ်စောင်ကြောင့် ဖြစ်လေသည်။ အိုဘားမားသည် အားလပ်ချိန်အချို့တွင် အွန်လိုင်းမှနေ၍ မြန်မာစာမြန်မာစကားကို ဆြာဒင့်ထံမှ နည်းခံသင်ယူဖူးလေရာ ဆြာဒင်၏ တပည့်ဟုဆိုသော် ရနိုင်ကောင်းလေသည်။ (ဤကား စကားချပ်)

သို့

ဆြာဒင်ခင်ဗျာ

ဖူးခက်မြို့နေ ဆြာဒင်တစ်ယောက် ကျန်းမာပကတိ ချမ်းသာစွာရှိစေရန် ဆုတောင်းမေတ္တာ ပို့သလိုက်ပါ၏ ။

ဆြာဒင့်ထံ အားကိုးတကြီး နားပူနာဆာ လုပ်လိုသည်မှာ မြန်မာပြည်တွင် တွေ့ဆုံညှိနှိုင်းမှုများ ပြုလုပ်ရန် ကျွန်တော် စေလွှတ်လိုက်သော လူရိုးကြီးဂျွန်ကယ်ရီအား မြန်မာ့အရေးနှင့် ပတ်သက်၍ ဂဃနဏ သိရှိစေရန်နှင့် မြန်မာသမ္မတကြီးအနေဖြင့် အမေရိကန် အပါအဝင် အနောက်နိုင်ငံများ၏ မြန်မာနိုင်ငံအပေါ် ထားရှိသည့် သဘောထားကို ရှင်းလင်းစွာ နားလည်သဘောပေါက်စေရန် အလို့ငှာ ရှစ်စပ်ကဂျင်ခြေလည်သည့်

ဆြာဒင့်အနေဖြင့် အားလပ်သည့်ရက် တစ်ရက်ရက်တွင် ကျွန်ုပ်တို့နှစ်ဦးအား ကိုယ်တိုင်ဖိတ်ခေါ်တွေ့ဆုံ၍ သင့်တော်သလို ကြားဝင်ညှိနှိုင်းပေးပါရန် လေးစားစွာ မေတ္တာရပ်ခံအပ်ပါသည်။

တော်သေးပြီ

သစ္စာရှိစွာဖြင့်

သင့် အိုဘားမား

အမေရိကန်သမ္မတ

ခင်မင်ယုံကြည်စွာ အားကိုးတကြီး အကူအညီ တောင်းခံလာသည်ကတစ်ကြောင်း၊ ကိုယ်တိုင်ကလည်း လူတွင်ကျယ်လုပ်ချင်သည်က တစ်ကြောင်းတို့ကြောင့် ဆြာဒင့်မှာ ရေငတ်တုန်း ရေတွင်းထဲပြုတ်ကျဘိသကဲ့သို့ ကမ်းလှမ်းချက်ကို ဖမ်းသာအားရ လက်ခံကာ အဆိုပါပုဂ္ဂိုလ်များနှင့် နာရီပိုင်းမျှ တွေ့ဆုံနိုင်ရန်အတွက် တပည့်ကျော်များ၏ ဝိုင်းဝန်းမှုဖြင့် အဆောတလျင် စီစဉ်ခဲ့ရပြန်ချေသည်တမုံ့။

ဆြာဒင်ကား ထိပ်သီးပုဂ္ဂိုလ်များကို ဆြာလုပ်ရမည်ဖြစ်သောကြောင့် အမေရိကန် မြန်မာဆက်ဆံရေးသမိုင်းနှင့် ပတ်သက်သည်များကား ဂီကီပီးဒီးယား အစောင်စောင်မှ မှတ်ဖွယ်ရာရာ ထိုထိုစာကို ရှာ၍ မပြတ် အိမ်တွင်း အပူတပြင်း ဖတ်ရှုလေ့လာခဲ့ရချေ၏ ။ သည်ကြားထဲ လူထူထူ မျက်လုံးဖြဲပြချင်ကြသည့် တပည့်ကျော် ဖိုးသင်းမျောက်တို့ကလည်း မြွေပူရာ ကင်းမှောင့်ကြပြန်သည်။

"စိတ်တော့ မရှိပါနဲ့ ဆြာဒင်၊ ကြုံတောင့်ကြုံခဲမို့ ဆြာ့တပည့်တွေလည်း နားလည်သလောက် ဝင်ဆွေးနွေးချင်တယ် ဆြာ"

"ဒီလိုပုဂ္ဂိုလ်ကြီးတွေနဲ့ သာမန်အချိန်ဆို ဆုံနိုင်ဖို့ နေနေသာသာ အိမ်ရိပ်တောင်း နင်းဖို့ မလွယ်ဘူးမဟုတ်လား ဆြာဒင်"

အမေရိကန်သမ္မတကြီးကိုယ်တိုင်ပင်လျှင် လမ်းပေါ်မှ လျှောက်သွားရင်း သာမန်ပြည်သူတို့နှင့် တရင်းတနှီး ဆက်ဆံနေသည့် ဒီမိုကရေစီခေတ်ကြီးဖြစ်လေရာ ဆြာဒင့်ခမျာ တပည့်ကျော်တို့၏ နားပူနားဆာလုပ်မှုကို မငြင်းဆန်သာဘဲ.... "မီးစင်ကြည့် က,ကြတာပေါ့ကွာ" ဟုသာ ဖြေသိမ့်စကားဆိုပြီးချိန် တစ်ခဏ၌ ပင် တပည့်ကျော်တို့သည် ဝတ်ကောင်းစားလှကိုယ်စီဖြင့် နောက်တော်မှ ပါခဲ့ကြကုန်၏။

*****

သုံး

ဗမာပြည်တွင် အာဆီယံဆွေးနွေးပွဲ လက်ခံကျင်းပနေသည့်ကာလမို့ အားလပ်ချိန် နာရီပိုင်းကလေးအတွင်း ကမန်းကတန်း တက်သုတ်ရိုက်လာခဲ့ကြသော ဧည့်သည်တော်တို့၏ အခြေအနေ အရပ်ရပ်အရ ဆွေးနွေးပွဲကို ဖူးခက်လေဆိပ်ရှိ တစ်ခုသော ကော်ဖီဘားတွင်ပင် ကျင်းပခဲ့ရပြီး တပည့်ကျော်လေမင်းသားကို အခမ်းအနားမှူးအဖြစ် ပွဲထုတ်မိလေရာ ချစ်လှစွာသော တပည့်ကျော်သည် လွှတ်ပြီဟေ့ဆိုကတည်းက မဏ္ဍပ်တိုင် တက်ကာ လူစွမ်းပြလေတော့သည်။

လေမင်းသား။ ။ "မစ္စတာဂျွန်ကယ်ရီခင်ဗျား၊ လူကြီးမင်းရဲ့ ဘဝကို အခုလို တောက်ပြောင်းလာအောင် မြေတောင်မြှောက်ပေးခဲ့တဲ့ လူကြီးမင်းရဲ့ဇနီးသည်ကို ချီးကျူးဂုဏ်ပြုကြောင်း ဦးစွာ စကားလက်ဆောင် ပါးလိုပါတယ်။ တစ်ဆက်တည်းပြောလိုတာက အခု လူကြီးမင်းရဲ့ ဗမာပြည်ခရီးစဉ်မှာ ပြောကြားခဲ့တဲ့ သတိပေးစကားတွေဟာ အကင်းမပါးသူများအဖို့ ခြိမ်းခြောက်စကားအဖြစ် မှတ်ယူကြဖွယ် ရှိပါတယ်။ ကျွန်တော်တို့ သမ္မတကြီးဟာ နောက်ကြောင်းပြန်လှည့်မယ့်သူ မဟုတ်ပါဘူး။ ဒီတော့ကာ နှစ်နိုင်ငံကြားမှာ အမြင်မလွဲစေဖို့ ကျွန်တော်တို့ ဆြာ တပည့်တွေ အတတ်နိုင်ဆုံး ကြားဝင်စေ့စပ်ပေးသွားမှာ ဖြစ်ပါတယ်"

ပြန်ကြားရေးဝန်မင်း။ ။ "ဟုတ်တာပေါ့ ကိုလေမင်းသားရယ်၊ ရှေ့ဆက်ပါဦးဗျ"

သမ္မတကြီးကား ခေါင်းတဆတ်ဆတ် ညိတ်ရင်း နှုတ်ခမ်းပါးလေးနှင့် ပြုံးလျက်ရှိ၏ ။

လေမင်းသား။ ။ "တကယ်တော့ သမ္မတကြီးကို မယုံရတာ မဟုတ်ပါဘူး၊ သမ္မတကြီးရဲ့ လူကြမ်းအဖွဲ့ဝင်တချို့က မယုံရတာ ပါ။ ဒီတော့ ခေတ်ဟောင်းမှာ ဆက်ပျော်နေချင်ကြပြီး မြန်မာပြည်ရှေ့ရေးကို နကန်းတစ်လုံးမှ မသိကြတဲ့ သမ္မတကြီးနောက်တော်ပါ တချို့ရဲ့ တစ်ဦးချင်းကိုယ်ကျိုးစီးပွားကို အမေရိကန် ပြည်ထောင်စုအနေနဲ့ ပစ်မှတ်ထားသင့်ပါတယ် "ခင်ဗျားတို့ ထင်တိုင်းကြဲနေတာကို အမေရိကန်က လက်ပိုက်ကြည့်နေမှာ မဟုတ်ပါဘူး" ဆိုတဲ့ တိကျထိရောက်တဲ့ သတင်းစကားကို နည်းလမ်းမျိုးစုံနဲ့ ပါးစေချင်ပါတယ်"

ဂျွန်ကယ်ရီ။ ။ "တကယ့်ကို ထိရောက်တဲ့ အကြံပြုချက်ပါပဲဗျာ၊ ဒါကြောင့်လည်း အမေရိကန်ဟာ မြန်မာပြည်ကို ၂၀၁၂ ခုနှစ်ကနေ အခုအချိန်ထိ အမေရိကန်ဒေါ်လာ သန်းနှစ်ရာကျော် ထောက်ပံ့ထားတာ သဲထဲရေသွန်အဖြစ်ခံလို့ ဘယ်ဖြစ်ပါ့မတုန်း၊ အမေရိကန်ဟာ ဗမာပြည်ကို မျက်ကန်းယုံကြည်မှုမျိုးနဲ့ ဆက်ဆံနေတာ မဟုတ်ဘူးဆိုတာ ဒီ့ထက်ထင်ရှားအောင် ကျွန်တော်တို့ ဆက်ပြီးလုံးပန်းသွားမှာပါ"

ဂျွန်ကယ်ရီ၏ လက်ထောက်အဖြစ် လိုက်ပါလာသူ အမေရိကန် စီအိုင်အေအရာရှိ ဖြစ်ပုံရသည့်ပုဂ္ဂိုလ်ကား ရှုတည်တည်မျက်နှာပေးဖြင့် မှတ်စုတချို့ကို ရေးခြစ်လျက်ရှိ၏ ။ ဆြာစင်စစ်ဖြစ်ပါလျက် မျှော်လင့်ထားသလို ဗိုလ်ပုံအလယ်တွင် ပညာစွမ်းပြခွင့်မရရှာသည် ဆြာဒင်မှာ တပည့်ကျော်ကို စိတ်ဆိုးရအခက်၊ ခွင့်လွှတ်ရအခက် ဖြစ်နေချေ၏ ။ ထိုစဉ် ဂျွန်ကယ်ရီသည် ကြားဖြတ်မေးခွန်းတစ်ခုဖြင့် အမှတ်မထင် ထောက်လိုက်လေရာ သည်တစ်ခါဟန်ကျပေပြီဟူသော အတွေးဖြင့် ဆြာဒင်မတ်တတ်ရပ်ရန်

ဖင်ကြွနေဆဲမှာပင် တပည့်ကျော် ကပ္ပလီက တစ်စခန်းထပြန်လေသည်။

ဂျွန်ကယ်ရီ ။ ။ "လက်ရှိအနေအထားအရ မြန်မာပြည်မှာ အထူးသတိချပ်သင့်တဲ့ စိန်ခေါ်ချက်တွေကို လူကြီးမင်းတို့ သဘောပေါက်ကြမယ် ထင်ပါရဲ့"

ကပ္ပလီ ။ ။ "ကောင်းကောင်းကြီး ပေါက်တာပေ့ါ မစ္စတာ ကယ်ရီ၊ အမေရိကန်ဟာ ဗမာပြည်ရဲ့ ၂၀၁၅ ရွေးကောက်ပွဲကို သတိကြီးစွာနဲ့ စောင့်ကြည့်နေတယ်ဆိုတာ ကျွန်တော်တို့ အားလုံး သိနေပါတယ်။ အမေရိကန်အထက် အောက်လွှတ်တော်တွေမှာ မြန်မာပြည် ပြုပြင်ပြောင်းလဲရေးအပေး အယုံအကြည် မရှိတဲ့အဆိုတွေ တင်သွင်းခဲ့တယ် ဆိုတာလည်း ကျွန်တော်တို့ ကြားပြီးသားပါ။ ရွေးကောက်ပွဲမှာ အားလုံးပါဝင်ရမယ်။ ပွင့်လင်းမြင်သာမှု၊ မျှတမှုရှိရမယ်။ နိုင်ငံတကာ လေ့လာစောင့်ကြည့်နေရးအဖွဲ့တွေရဲ့ စစ်ဆေးမှုကို လက်ခံနိုင်ရမယ်၊ ၂၀၁၆ မှာ အာဏာကို အေးချမ်းစွာ လွှဲပြောင်းပေးရမယ်ပေ့ါဗျာ။ ဟုတ်ဘူးလား သမ္မတကြီးခင်ဗျ"

သမ္မတကြီး ။ ။ "ဟုတ်ပ့ါ ကိုကပ္ပလီရယ်၊ နောက်ဆုံးကျင်းပသွားခဲ့တဲ့ အင်ဒိုနီးရှားရွေးကောက်ပွဲကို ကျွန်တော်တို့ နမူနာယူမှာပါဗျာ"

*****

## လေး

သမ္မတကြီး ထောက်ခံလိုက်ကာမှ ကပ္ပလီငယ်မှာ စိတ်အားတက်ကြွလာလျက် ဆယ်စုနှစ်နှင့်ချီ၍ ဖြစ်ပေါ်နေသည့် ပြည်တွင်းစစ်ပဋိပက္ခ၊ အရပ်ဘက်အဖွဲ့အစည်းများအား ပိုမိုနေရာပေးရန်၊ သတင်းမီဒီယာများအား အကာအကွယ်ပေးရန်၊ မြေယာသိမ်းကိစ္စရပ်များအား ဖြေရှင်းရန်၊ နိုင်ငံတွင်း လူမျိုးရေး ဘာသာရေးအဓိကရုဏ်းများ မဖြစ်ပေါ်အောင်

အကာအကွယ်ပေးရန်၊ ပြည်သူတို့၏ အခွင့်အရေးကို တရားဥပဒေဖြင့် အကာအကွယ်ပေးရန်တို့မှာ စိန်ခေါ်မှုများအဖြစ် ရှိနေဆဲ ဖြစ်သည်ကို သိရှိကြောင်း၊ အချိန်နှင့်တပြေးညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အာပေါင်အာရင်းသန်သန် မြွက်ခြွေနေပြန်ရာ လူလည်ကြီးသား ဆြာဒင့်ခမျာ ဝင်ရောက်စွက်ဖက်ရန် အခွင့်မသာပြန်ချေ။

ဂျွန်ကယ်ရီ၊ သူ၏ လက်ထောက်၊ ပြန်ကြားရေးဝန်မင်း၊ ကပ္ပလီနှင့် လေမင်းသားတို့မှာ မြန်မာပြည်အနာဂတ်ကို ရေပက်မဝင်နိုင်အောင် ဆွေးနွေးလျက်ရှိကြစဉ် ငြိမ်သက်စွာ နားထောင်လျက်ရှိသော သမ္မတကြီးသည် တစ်စုံတစ်ခုကို မေးလုဟန် အမူအရာပြလိုက်ရာ ဆြာဒင်သည် သည်တစ်ခါတော့ `အကွက်ကောင်းပဟ' ဟူသောအတွေးဖြင့် ဆွေးနွေးရန် စကားလုံးရှာနေဆဲမှာပင် ဖေကြည်ငယ်က ကောက်ကာငင်ကာ လက်ဦးမှုရယူပြန်လေသည်။

ဖေကြည်။ ။ "သမ္မတကြီး မေးလိုတဲ့အချက်ရှိရင် အားမနာနဲ့နော်"

သမ္မတကြီး။ ။ "သြော်၊ အခုဆွေးနွေးပွဲမှာ စိန်ခေါ်ချက်၊ စိန်ခေါ်မှုဆိုပြီး စိန်ခေါ်တာတွေ ထပ်နေတော့ အဲဒီ စိန်ခေါ်ချက်တွေကို မဖြေရှင်းနိုင်ခဲ့ရင် ဘာများဖြစ်မလဲ သိချင်လို့ပါ"

ဖေကြည် ။ ။ "ဒါက ဒီလိုရှိပါတယ် သမ္မတကြီးခင်ဗျာ၊ သမ္မတကြီးတို့အနေနဲ့ ပြုပြင်ပြောင်းလဲရေးကို ဖော်ဆောင်ပါ့မယ်လို့ ကမ္ဘာကို အသိပေးကြေညာပြီးဖြစ်တဲ့အတွက် အမေရိကန် အပါအဝင် အနောက်နိုင်ငံအုပ်စုဝင် နိုင်ငံတွေဟာ မြောက်မြားလှစွာသော ကြွေးမြီတွေကို လျှော်ပစ်တာ၊ စစ်ရေး၊ စီးပွားရေးအပါအဝင် နည်းပညာကဏ္ဍအသီးသီးမှာ စေတနာဗရပွနဲ့ ကူညီဖြည့်ဆည်းပေးပြီး တရုတ်လောင်းရိပ်အောက်ကနေ ဖယ်ထုတ်ပေးနေတာ ဖြစ်ပါတယ်၊ ပြုပြင်ပြောင်းလဲရေးကို ဆက်ပြီး ပီပီပြင်ပြင် မဆောင်ရွက်ဘူးဆိုရင် တရုတ်ကို ပြန်ကပ်ဖို့ စိတ်မကူးပါလေနဲ့။ ဒီအချက်ကို အမေရိကန်ရဲ့ အာရှပစိဖိတ် မဟာဗျူဟာအရ လက်မခံနိုင်ပါဘူး၊ ခုလို

စပ်ကူးမတ်ကူးကာလမှာ ပြုပြင်ပြောင်းလဲရေးလမ်းကနေ သွေဖည်မယ်ဆိုရင် အနောက်အုပ်စုရဲ့ အကူအညီအားလုံး ရုတ်ခြည်းရပ်ဆိုင်းလိုက်ခြင်းဖြင့် အသိအမြင်ပွင့်လင်းစပြုနေတဲ့ ဗမာပြည်သူလူထုရဲ့ အုံကြွမှုနဲ့ မလွဲမသွေ ရင်ဆိုင်ရမှာ ဖြစ်ပါတယ်။ စစ်ဝါဒရဲ့ဆိုးကျိုးကို အထိုက်အလျောက် သဘောပေါက်တဲ့ တပ်မတော်သားတွေလည်း လူသိရှင်ကြား ပေါ်ထွက်လာကြပြီမို့ တပ်မတော်ပါ အစိတ်စိတ်အမွှာမွှာ ကွဲပြီး ဗမာပြည်ရှေ့ရေးဟာ မတွေးရဲလောက်အောင် ဖြစ်သွားနိုင်တာပေါ့ခင်ဗျာ။ ဒါကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို လိုအပ်သလို ပြင်ဆင်ပြီး ခရီးရှေ့ဆက်ကြရမှာပေါ့"

သမ္မတကြီးသည် တစ်စုံတစ်ရာကို အလေးအနက် တွေးတောနေဟန် ခပ်ငိုင်ငိုင် ဖြစ်သွားချိန်တွင် ဆြာဒင့်ရင်ထဲတွင်မူ နွားရှေ့ထွန်ကျူးကြလေသည့် တပည့်များကို နားရင်းထရိုက်ချင်လောက်အောင် ကျွမ်းတိုနေလေပြီ။

*****

ငါး

"ဘာဆက်လုပ်ရမယ်ဆိုတာ ကျွန်တော်သိပါပြီ မစ္စတာဂျွန်ကယ်ရီ" ဟူသော သမ္မတကြီး၏ နိဂုံးချုပ်စကားဖြင့် ဆွေးနွေးပွဲကား ဆြာဒင် တစ်ခွန်းတစ်ပါဒမျှ မပြောမဆိုလိုက်ရဘဲ အောင်မြင်စွာ ဆုံးခန်းတိုင်ခဲ့လေသည်။ သည်တပည့်တွေကြောင့် သည်လိုအဖြစ်မျိုး ကြုံရလေခြင်းဟူသော အတွေးဖြင့် ဆြာဒင်တစ်ယောက် ကြိမ်မီးအုံးသကဲ့သို့ ဒေါသမီး တောက်လောင်နေချိန်တွင် လေယာဉ်ပျံကြီးပေါ်သို့ တက်ခါနီး ဆဲဆဲ ဆြာဒင့်ကို ပွေ့ဖက်နှုတ်ဆက်ကြရင်း အသီးသီးဆိုကြလေသည့် ဧည့်သည်တော်တို့၏ မှတ်ချက်စကားတို့ကြောင့် ဆြာဒင့်ရင်မှာ လောင်မြိုက်နေသော ဝန်တိုမစ္ဆိယစိတ်သည် ပိန်းကြာဖက်တွင် ရေမတင်သကဲ့သို့ ကွယ်ပျောက်ကာ ရွှန်လန်းမှုအတိ ဖြစ်ရလေ၏ ။

"မကြာခင် ပြန်ဆုံချင်ပါသေးတယ် မစ္စတာဒင်၊ နာမည်နဲ့လိုက်အောင်

ညာဏ်ကြီးပါပေ့ဗျာ၊ ဒီပြဿနာလောက်ကို တပည့်တွေနဲ့ ကိစ္စပြတ်မှန်း ကြိုသိနေသကိုး။ တရုတ်၊ အမေရိကန် အားစမ်းမယ့် မဟာဗျူဟာအစီအမံတွေမှာ ဆရာဒင့်လိုလူမျိုးပါလာရင် သိပ်ကောင်းမယ်ဗျာ"

"ရင်ထဲက လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်တယ် ဆရာဒင်ရယ်၊ ဆရာ့တပည့်တွေ တော်လိုက်ပုံများ ဆရာကိုယ်တိုင် တစ်ခွန်းမှ ဝင်ပြောစရာ မလိုအောင်ပါကလား၊ အခွင့်ကြုံတဲ့အခါ သမ္မတအိမ်တော်မှာ ထမင်းဖိတ်ကျွေးချင်ပါရဲ့"

"ဆရာဒင် ပြန်ကြားရေးမှာ လိုတာရှိရင် ပြောနော်၊ ကျွန်တော့်ဘက်က ကူညီဖို့ အဆင်သင့်ရှိပါတယ်"

"You are a really great man”

အထူးလေယာဉ်ပျံကြီး ဖူးခက်လေဆိပ်မှ ပျံတက်သွားချိန်တွင်ကား ဆရာဒင်သည် ဆရာ့ဂုဏ်ကို မြှင့်တင်ပေးခဲ့လေသော တပည့်ကျော်တို့၏ ပခုံးကို ပြုံးရွှင်စွာ ပွေ့ဖက်ရင်း လေဆိပ်အဆောက်အဦကြီးအတွင်းမှ ပြန်လည်ထွက်ခွာလာခဲ့ကြပါသည်။ လေဆိပ်အပြင်မှာ အသင့်ရပ်ထားသော ဘေးတွဲဆိုင်ကယ်စံပလောပေါ်တွင် တပည့်ကျော်တို့ကို တင်ဆောင်ရင်း ဖူးခက်မြို့မှာ နာမည်ကျော် ထိုင်းစားသောက်ဆိုင်တစ်ဆိုင်ဆီသို့ ဆရာဒင်ကိုယ်တိုင် မောင်းနှင်ဦးတည်လျက် ရှိလေ၏။ ဂုဏ်ပြုထိုက်သူကို ဂုဏ်ပြုခြင်းသည် မင်္ဂလာ၊ မင်္ဂလာမည်သည် မဟုတ်တုံလော။

၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်

The Ladies အပတ်စဉ်ဂျာနယ်